# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သဒ္ဓါဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက် | ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၅ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ်(၂၉၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ် စ ရာ**

**ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေကိုပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း**
ဥပဒေပြဋ္ဌာန်း | စာ ၃

---

**မြန်မာစံချိန်စံညွှန်းများ ပြင်ဆင်သတ်မှတ်ခြင်း**
ပြည်တွင်းသတင်း | စာ ၉

---

**သားခိုတောင်သို့ ရောက်ခဲ့သည်**
ဆောင်းပါး | စာ ၁၀

---

**ဈေးကွက်ဝယ်လိုအားကောင်းနေသည့်အတွက် တိုယိုတာက အင်ဒိုနီးရှားနိုင်ငံ၌ လျှပ်စစ်ကားများ ထုတ်လုပ်မည်**
နိုင်ငံတကာသတင်း | စာ ၁၄

---

**နောင်ချိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်လက်ခံခြင်းနှင့် ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်**
ပြည်တွင်းသတင်း | စာ ၁၅




ကျုံဒိုး-ကော့ကရိတ် လမ်းကြောင်းအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်စဉ်။

## KNU ၊ KNLA နှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့များ နှောင့်ယှက်ပိတ်ဆို့ထားသည့် ကျုံဒိုး-ကော့ကရိတ် ပြည်ထောင်စုကားလမ်းမကြီးအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်ဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၂၄

ကော့ကရိတ်မြို့သည် ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်တွင်ပါဝင်၍ ဘားအံ - မြဝတီ ကားလမ်းကြီးအပေါ်တွင်တည်ရှိပြီး စီးပွားရေး အချက်အချာကျသော မြို့တစ်မြို့ဖြစ်သည်။ မြန်မာ-ထိုင်း နယ်စပ်မြို့ဖြစ်သော မြဝတီမြို့နှင့် ၄၁ မိုင်ခန့်သာ ကွာဝေးပြီး ကုန်သန်းရောင်းဝယ်ရေးအတွက် အဓိကကျသည့် အာရှလမ်းမကြီးပေါ်တွင်တည်ရှိကာ ကော့ကရိတ်မြို့မှ မြဝတီမြို့-ဘားအံ-မော်လမြိုင်နှင့် ကြာအင်းဆိပ်ကြီးမြို့များသို့ သွားလာနိုင်သည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော အဓိကအချက်အချာကျသည့် လမ်းဆုံမြို့တစ်မြို့ဖြစ်သည်။


*စာမျက်နှာ ၁၂ ကော်လံ ၁* ❑





# ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကို**

**ပြင်ဆင်သည့်ဥပဒေ**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၂ / ၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဥပဒေကိုပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေတွင် ပါရှိသော **"ရထားပို့ဆောင်ရေးဝန်ကြီးဌာန"** ဆိုသည့်စကားရပ်နှင့် **"ပို့ဆောင်ရေးဝန်ကြီးဌာန"** ဆိုသည့် စကားရပ်များကို **"ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန"** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **"ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန "** ဆိုသည့်စကားရပ်ကို **"ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန"** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **"ဘဏ္ဍာရေးဝန်ကြီးဌာန"** ဆိုသည့်စကားရပ်ကို **"စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန"** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၃။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(က) တွင်–

(က) ပုဒ်မခွဲငယ် (၁၀)ကို ပယ်ဖျက်ရမည်။

( ခ ) မူလပုဒ်မခွဲငယ်(၁၁)၊ (၁၂)၊ (၁၃) နှင့် (၁၄) တို့ကို ပုဒ်မခွဲငယ် (၁၀)၊ (၁၁)၊ (၁၂) နှင့် (၁၃) တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၄။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(ခ)ပါ **"ကော်မတီ"** ဆိုသည့် စကားရပ်ကို **"အမျိုးသားကော်မတီ"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၃ ပုဒ်မခွဲ (ဂ) ပါ **"လုပ်ငန်းကော်မတီ"** ဆိုသည့်စကားရပ်ကို **"နယ်စပ်ဖြတ်ကျော်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ အခန်း(၁၀) ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည် –

**"အခကြေးငွေနှင့် ဒဏ်ကြေးငွေများ သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း"**

၇။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၄၉ တွင် –

(က) ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် –

" ဝန်ကြီးဌာနသည် ကောက်ခံရမည့် အောက်ပါအခကြေးငွေများနှင့် ဒဏ်ကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များဖြင့် သတ်မှတ်ရမည်–"

( ခ ) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ အခြားအခကြေးငွေနှင့် ဒဏ်ကြေးငွေများ။"

၈။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၅၀ ပါ " အခကြေးငွေများ " ဆိုသည့် စကားရပ်ကို " အခကြေးငွေများနှင့် ဒဏ်ကြေးငွေများ " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၅၁ တွင်–

(က) ပုဒ်မခွဲ(က) ကိုအောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(က) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊"

( ခ ) မူလပုဒ်မခွဲ(က)ကို ပုဒ်မခွဲ(ခ)အဖြစ်လည်းကောင်း၊ မူလပုဒ်မခွဲ(ခ)ကို ပုဒ်မခွဲ(ဂ) အဖြစ်လည်းကောင်း ပြောင်းလဲအမှတ်စဉ်ရမည်။

၁၀။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၅၂ တွင်–

(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(က) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊"

( ခ ) မူလပုဒ်မခွဲ(က)ကို ပုဒ်မခွဲ(ခ)အဖြစ်လည်းကောင်း၊ မူလပုဒ်မခွဲ(ခ)ကို ပုဒ်မခွဲ(ဂ) အဖြစ်လည်းကောင်း ပြောင်းလဲအမှတ်စဉ်ရမည်၊

၁၁။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၅၃ ကို အောက်ပါအတိုင်းအစားထိုးရမည် –

"၅၃။ ပုဒ်မ ၁၄ အရ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနသည် စီမံခန့်ခွဲရေး ပြစ်ဒဏ်များအနက် ပုဒ်မ ၅၁ ပုဒ်မခွဲ (က) သို့မဟုတ် (ခ)ပါ ပြစ်ဒဏ်ကို ချမှတ်နိုင်သည်။"

၁၂။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၅၄၊ ၅၅ နှင့် ၅၆ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် –

"၅၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအတွက် လုပ်ငန်းလိုင်စင်ထုတ်ပေးရန် သို့မဟုတ် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အား ငြင်းပယ်သောအမိန့်ကို မကျေနပ်သူသည် ထိုအမိန့်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနက ပုဒ်မ ၅၁ အရ ချမှတ်သော စီမံခန့်ခွဲရေးပြစ်ဒဏ်ကိုဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနက ပုဒ်မ ၅၃ အရ ချမှတ်သော စီမံခန့်ခွဲရေး ပြစ်ဒဏ်ကိုဖြစ်စေ မကျေနပ်သူသည် ထိုပြစ်ဒဏ် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၆။ ပုဒ်မ ၅၄ သို့မဟုတ် ၅၅ အရ အယူခံမှုတွင် ဦးစီးဌာနသည် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။"

၁၃။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၅၈၊ ၅၉ နှင့် ၆၀ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် –

"၅၈။ ပုဒ်မ ၅၆ အရ အယူခံမှုတွင် ဦးစီးဌာနက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၉။ ဦးစီးဌာနက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်ဖြစ်စေ၊ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်ဖြစ်စေ လုပ်ငန်းလိုင်စင်ထုတ်ပေးရန် သို့မဟုတ် လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အား ငြင်းပယ်သောအမိန့်ကို မကျေနပ်သူသည် ထိုအမိန့်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၆၀။ ပုဒ်မ ၅၇ ၊ ၅၈ သို့မဟုတ် ၅၉ အရ အယူခံမှုတွင် ဝန်ကြီးဌာနသည် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

---

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်နိုင်ငံတကာဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA) ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၄**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်နိုင်ငံတကာဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA) ဥက္ကဋ္ဌ Mr. Chen Xiaodong ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ Park Royal Hotel ၌ တွေ့ဆုံဆွေးနွေးသည်။




တွေ့ဆုံပွဲတွင် မန္တလေးလျောင်ကြီးအလွန် ပြန်လည်ထူထောင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံတကာဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ကူညီပံ့ပိုးပေးနိုင်မည့်အခြေအနေ၊ မြန်မာအစိုးရနှင့် CIDCA တို့အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရေး၊ ဆောက်လုပ်ရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကဏ္ဍများ၌ ဦးစားပေးအကောင်အထည်ဖော်လိုသည့် စီမံကိန်းများ၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းစေရန်နှင့် မဟာဗျူဟာကျသည့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အေးအတူပူအမျှ အသိုက်အဝန်းထူထောင်မှု အရှိန်အဟုန်ကို ဆက်လက်မြှင့်တင်သွားရေးတို့ကို ဆွေးနွေးကြသည်။

အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး၊ CIDCA မှ တာဝန်ရှိသူများနှင့် တရုတ်သံရုံးမှ သံတမန်များ တက်ရောက်ကြသည်။

အစည်းအဝေးအပြီးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်နိုင်ငံတကာဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ဥက္ကဋ္ဌတို့က လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်နိုင်ငံတကာ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီဥက္ကဋ္ဌတို့က တရုတ်–မြန်မာ ချစ်ကြည်ရေးအဆင့်မြင့် အထူးကုဆေးရုံကြီးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဖြစ်နိုင်ခြေလေ့လာသုံးသပ်မှုအတွက် စာလွှာလက်မှတ်ရေးထိုးလဲလှယ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် Modular House များတွင် နေထိုင်ကြသည့် ဝန်ထမ်းများအား တွေ့ဆုံအားပေး

**နေပြည်တော် ဇူလိုင် ၂၄**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ဦးမင်းထွဋ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် ဝန်ကြီးဌာနက ယာယီဆောက်လုပ်ထားရှိသည့် Modular House များကို သွားရောက်ကြည့်ရှုပြီး နေထိုင်ကြသည့် ဝန်ထမ်းများအား တွေ့ဆုံအားပေးသည်။ (ယာပုံ)

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများ လုံခြုံစိတ်ချစွာဖြင့် စည်းကမ်းတကျနေထိုင်နိုင်ရေး၊ သောက်သုံးရေနှင့် မီး၊ မိလ္လာစနစ်များ ကောင်းမွန်ရေး၊ ကူးစက်ရောဂါများ မဖြစ်ပေါ်စေရေး၊ လိုအပ်သည်ကို တာဝန်ရှိသူများက ဆောင်ရွက်ပေးရေး၊ လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စများအတွက် တာဝန်ခံများအဆင့်ဆင့် တာဝန်ပေး ဖွဲ့စည်းထားရှိရေးတို့ကို မှာကြားပြီး ဝန်ထမ်းများ နေထိုင်စားသောက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် Modular House များတွင် နေထိုင်ကြသည့် ဝန်ထမ်းများအား စားဖိုဆောင် သီးနှံများနှင့် ကြက်ဥများကို ပံ့ပိုးပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တရုတ်နိုင်ငံတကာဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၄**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် တရုတ်နိုင်ငံတကာဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA) ဥက္ကဋ္ဌ Mr. Chen Xiaodong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် Park Royal Hotel ၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)


တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီး ဖြစ်ပွားခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများအတွက် တရုတ်နိုင်ငံအစိုးရ၏ လူသားချင်း စာနာထောက်ထားမှု၊ အကူအညီ အထောက်အပံ့များ အချိန်နှင့်တစ်ပြေးညီ ပေးအပ်ခဲ့မှု၊ ငလျင်အလွန် ပြန်လည်ထူထောင်ရေး စီမံကိန်းများ၊ နှစ်နိုင်ငံ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ CIDCA ၏ ဒေသရေးရာဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကိုယ်စားလှယ်များနှင့် တရုတ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော် ဇူလိုင် ၂၄**

ယနေ့ ည ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညှင်းစွာ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ အားကောင်းသော လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေတို့တွင် ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိနိုင်သည်။ ထိုမှတစ်ဆင့် နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ဩရိသပြည်နယ်မြောက်ပိုင်း၊ ဂျက်ခမ်းပြည်နယ်နှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ချက်တစ်ဂတ်ပြည်နယ်မြောက်ပိုင်းတို့သို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။




အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအလွန်ကောင်းနေခြင်းကြောင့် လည်းကောင်း ယနေ့ညမှ ၂၈-၇-၂၀၂၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၄ ပေမှ ၁၆ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**



တွံတေးမြို့နယ် လှိုင်သာယာ-ဒလ-တွံတေးလမ်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်(ပဉ္စမအကြိမ်)ကို ဇူလိုင် ၂၃ ရက်ကကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်နွယ်၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး မျိုးသန့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များ၊ ပြည်သူများက စုစုပေါင်း အပင် ၂၀၀၀ စိုက်ပျိုးပေးစဉ်။ မျိုးလှိုင်(တွံတေး)



# စဥ့်ကိုင်၌ ကွန်ကရစ်ခင်းအဖြစ် အဆင့်မြှင့်တင်

**စဥ့်ကိုင် ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မုန့်ပေါင်း-ဇော်ဂျီ-ကံကြီး- ရွာသစ်ကျေးရွာချင်းဆက်လမ်းကို မြေသားလမ်းမှ ကွန်ကရစ်ခင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဇူလိုင် ၂၂ ရက် မွန်းလွဲပိုင်းတွင် ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။

အဆိုပါလမ်း အရှည် ပေ ဝ/၂မိုင်၊ အကျယ် ၁၂ပေ၊ ဒု ခုနစ်လက်မကို တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူ အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် လက်ရွေးစင်အလေးမ အားကစားသမားများရွေးချယ်ရေးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် လက်ရွေးစင်အလေးမ အားကစားသမားများ ရွေးချယ်ရေးပြိုင်ပွဲနှင့် (Youth Camp) လူငယ်အလေးမ အားကစားသမားများ စံချိန်ဆန်းစစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိအလေးမလေ့ကျင့်ရေးရုံ၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဥက္ကါအေး၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ ကျင်းပပြုလုပ်သော အလေးမပြိုင်ပွဲတွင် အမြန်မနှင့် နှစ်ဆင့်မပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီး (၄၈၊ ၅၃၊ ၅၈၊ ၆၃) ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသား (၆၀၊ ၆၅၊ ၇၁၊ ၇၉၊ ၈၈၊ ၉၄၊ +၉၄) ကီလိုတန်းပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား+၉၄ ကီလိုတန်း ပြိုင်ပွဲတွင် စုစုပေါင်း သတ်မှတ်စံချိန်ထက် သာလွန်ကောင်းမွန်အောင် ယှဉ်ပြိုင်နိုင်ခဲ့သည့် ရန်မျိုးကျော်ကို မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသီဟလင်းကလည်းကောင်း၊ အမျိုးသမီး ၅၈ ကီလိုတန်းပြိုင်ပွဲတွင် သတ်မှတ်စံချိန်ထက်ကျော်ပြီး သာလွန်ကောင်းမွန်အောင် ယှဉ်ပြိုင်နိုင်ခဲ့သည့် ထက်ထက်ထွေးနှင့် အမျိုးသား ၉၄ ကီလိုတန်း နှစ်ဆင့်မပြိုင်ပွဲတွင် သတ်မှတ်စံချိန်ထက် သာလွန်ကောင်းမွန်ပြီး မြန်မာပြည်စံချိန်သစ်တင်နိုင်ခဲ့သည့် ဝင်းနိုင်ထွန်းတို့ကို မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဥက္ကါအေးကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့အတူ အမျိုးသမီး ၄၈ ကီလိုတန်း အမြန်မ၊ နှစ်ဆင့်မနှင့် စုစုပေါင်းပြိုင်ပွဲတွင် သတ်မှတ်စံချိန်ထက်ကျော်ပြီး သာလွန်ကောင်းမွန်အောင် ယှဉ်ပြိုင်နိုင်ခဲ့သည့် နော်အယ်ကညောဂျော့ကို ဒုတိယဝန်ကြီး ဦးဇင်မင်းထက်ကလည်းကောင်း၊ အမျိုးသမီး ၄၈ ကီလိုတန်း နှစ်ဆင့်မပြိုင်ပွဲတွင် သတ်မှတ်စံချိန်ထက် သာလွန်ကောင်းမွန်ပြီး မြန်မာပြည်စံချိန်သစ် တင်နိုင်ခဲ့သည့် ဇင်မေဦး၊ ၆၃ ကီလိုတန်း အမြန်မပြိုင်ပွဲတွင် သတ်မှတ်စံချိန်ထက် သာလွန်ကောင်းမွန်ပြီး မြန်မာပြည် စံချိန်သစ်တင်နိုင်ခဲ့သည့် သူဇာခင်နှင့် အမျိုးသား ၈၈ ကီလိုတန်း နှစ်ဆင့်မပြိုင်ပွဲတို့တွင် သတ်မှတ်စံချိန်ထက် သာလွန်ကောင်းမွန်ပြီး မြန်မာပြည်စံချိန်သစ်တင်နိုင်ခဲ့သည့် ရဲရင့်နိုင်တို့ကို ဒုတိယဝန်ကြီး ဦးထိန်လင်းကလည်းကောင်း၊ အမျိုးသမီး ၅၃ ကီလိုတန်း အမြန်မ၊ နှစ်ဆင့်မနှင့် စုစုပေါင်း ပြိုင်ပွဲတွင် သတ်မှတ်စံချိန်ထက် သာလွန်ကောင်းမွန်ပြီး မြန်မာပြည်စံချိန်သစ် တင်နိုင်ခဲ့သည့် နော်တဘိုးရာနှင့် အမျိုးသား ၇၉ ကီလိုတန်း နှစ်ဆင့်မပြိုင်ပွဲတွင် သတ်မှတ်စံချိန်ထက် သာလွန်ကောင်းမွန်ပြီး မြန်မာပြည်စံချိန်သစ်တင်နိုင်ခဲ့သည့် သီဟအောင်တို့ကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။



အဆိုပါ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် လက်ရွေးစင် အလေးမအားကစားသမားများ ရွေးချယ်ရေးပြိုင်ပွဲနှင့် လူငယ်အလေးမအားကစားသမားများ စံချိန်ဆန်းစစ်ပြိုင်ပွဲများတွင် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp) နှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (Youth Camp)တို့မှ အလေးမအားကစားသမား စုစုပေါင်း ၂၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးကိုကိုကျော် တီမောလက်စ်တေသံရုံးမှ သံရုံးယာယီတာဝန်ခံအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၄**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် ရန်ကုန်မြို့အခြေစိုက် တီမောလက်စ်တေသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Olandino Ruide Andrade အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် တီမောလက်စ်တေ သံရုံးယာယီတာဝန်ခံက တီမောလက်စ်တေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ကောင်းမွန်သော ဆက်ဆံရေး ထူထောင်လိုပါကြောင်း၊ တီမောလက်စ်တေနိုင်ငံမှ အာဆီယံသို့ အဖွဲ့ဝင်ဖြစ်ရေး ကြိုးပမ်း ဆောင်ရွက်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ အားပေးထောက်ခံမှုကို ရရှိလိုပါကြောင်း၊ တီမောလက်စ်တေနိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များအားလုံးကို လေးစားလိုက်နာသွားမည်ဖြစ်ပါကြောင်း ထပ်လောင်း အတည်ပြု ပြောကြားသည်။ ထို့ပြင် တီမောလက်စ်တေသံရုံး ယာယီတာဝန်ခံက မြန်မာနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်ရန်အတွက် ၎င်းတို့အနေဖြင့် ဆန္ဒရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တီမောလက်စ်တေနိုင်ငံ၏ မြို့တော် ဒီလီ၌ သံရုံးလာရောက်ဖွင့်လှစ်စေလိုပါကြောင်း မေတ္တာရပ်ခံပြောကြားသည်။

ဒုတိယဝန်ကြီးက တီမောလက်စ်တေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရန်ဆန္ဒရှိမှုကို သိရှိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ တီမောလက်စ်တေ နိုင်ငံခြားရေးဝန်ကြီးအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်ရန် ဆန္ဒရှိသည်ဟု သိရှိရပါကြောင်း၊ မြန်မာနိုင်ငံသည် မိမိတို့၏ နိုင်ငံခြားရေးမူဝါဒနှင့်အညီ အာဆီယံအသိုက်အဝန်း ထူထောင်ရေး လုပ်ငန်းများနှင့် အာဆီယံဥက္ကဋ္ဌ၏ ဦးဆောင်ဦးရွက်ပြုမှုများကို တက်ကြွစွာ လိုက်ပါဆောင်ရွက်လျက် ရှိပါကြောင်း၊ တီမောလက်စ်တေနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အာဆီယံပဋိညာဉ်နှင့်အညီ ဖြစ်ရန် လိုအပ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရန် လိုအပ်ပါကြောင်း၊ မကြာမီက ကျင်းပပြုလုပ်ခဲ့သည့် (၅၈)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများ ကာလအတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တီမောလက်စ်တေ နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံခဲ့ကြရာတွင်လည်း နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန်အတွက် အပြုသဘောဆောင် ဆွေးနွေးနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

| | |
|---|---|
| **လင်းခေးမြို့အနီး အင်အားအနည်းငယ်ရှိ ငလျင်လှုပ်** | နေပြည်တော် ဇူလိုင် ၂၄<br>ဇူလိုင် ၂၄ ရက် မြန်မာစံတော်ချိန် ၀၆ နာရီ၊ ၁၅ မိနစ်၊ ၃၃ စက္ကန့်အချိန်တွင် တောင်ကြီးမြေငလျင်စခန်းမှ အရှေ့-အရှေ့တောင်ဘက် ၆၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (လင်းခေးမြို့၏ အနောက်မြောက်ဘက် ၇ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၀ ဒသမ ၄၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၉၅ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ** |

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရုံးမြေဧရိယာအတွင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပွဲသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး အမြဲတမ်းအတွင်းဝန်နှင့် အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာများ၌ ကံ့ကော်၊ ပိတောက်၊ သပြေဘူတ၊ ခရေ၊ ကျွန်း၊ မန်ကျည်းရှား စသည့်အပင်များ စိုက်ပျိုးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် Modular House များသို့ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ အပြီးသတ်ပြောင်းရွှေ့နေထိုင်မှု၊ လျှပ်စစ်မီးတပ်ဆင်ထားရှိမှု၊ နားနေဆောင်၊ ရေချိုးခန်း၊ အိမ်သာများ စနစ်တကျရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများကို ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ဆိပ်သာဆိုလာစနစ်ရေတင်စီမံကိန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေအား ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ရှိ ဆည်ရိုးမြေအောက်တမံနှင့် စလေချောင်းမြေအောက်တမံ တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။



ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက မြေအောက်ရေမြင့်တက်လာမှုအခြေအနေကို စောင့်ကြည့်တိုင်းတာပြီး မှတ်တမ်းထားရှိရန်၊ သောက်သုံးရေအတွက်သာမက စိုက်ပျိုးရေအတွက်ပါ အထောက်အကူပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် စက်ရေတွင်းများ တူးဖော်နိုင်ရေးကို တောင်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် နမူနာပြ တူးဖော်ဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးသည့် သီးနှံများအတွက် မျိုးကောင်းမျိုးသန့်ရရှိရေး၊ ပိုးမွှားအန္တရာယ်ကာကွယ်ရေး စသည့်လယ်ယာကဏ္ဍဆိုင်ရာများ ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

ယင်းနောက် စိုက်ပျိုးမြေဧက ၂၀၀ ကို နွေ၊ မိုး၊ ဆောင်း ရာသီအလိုက် သီးနှံများ၏ ရေလိုအပ်ချက်နှင့်အညီ ပြည့်ဝစွာ ရေပေးဝေ၍ တစ်နှစ်လျှင် သုံးသီး ရေတင်စိုက်ပျိုးနိုင်ရေး၊ သီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့သော မကွေးခရိုင် မကွေးမြို့နယ် မိကျောင်းရဲကျေးရွာအုပ်စု ဆိပ်သာကျေးရွာအနီးရှိ ဆိပ်သာဆိုလာစနစ် မြစ်ရေတင်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆိပ်သာ ဆိုလာရေတင်စီမံကိန်းသည် အလျင်အမြန်အကျိုးရလဒ်(Quick Win) ရရှိနိုင်မည့် ဆိုလာစနစ်ရေတင်စီမံကိန်း လေးခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး စီမံကိန်း၏ တည်ဆောက်ရေးလုပ်ငန်းများအား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၁ ရက်အထိ အချိန်ကာလ ငါးလခန့်သာ ကြာမြင့်ခဲ့ကာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်တိုအတွင်း ပြီးမြောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်၍ မိုးသီးနှံ စပါး၊ ဝါ၊ နှမ်း ဧက ၂၀၀ ကို စိုက်ပျိုးရေပေးဝေနေသော ဆိုလာရေတင် စီမံကိန်းတစ်ခု ဖြစ်သည်။

အဆိုပါ ဆိပ်သာဆိုလာရေတင်စီမံကိန်း ဆောင်ရွက်ခြင်းကြောင့် မူလမိုးရေကိုသာ အားထားစိုက်ပျိုးရသည့် အခြေအနေ၊ မူလနှစ်သီးသာရှိနေသည့် အခြေအနေမှ ရာသီမရွေး စိုက်ပျိုးရေရရှိပြီး တစ်နှစ်လျှင် သုံးသီးအထိ စိုက်ပျိုးနိုင်သည့်အပြင် ဒေသအတွက် သောက်သုံးရေ ဖူလုံစွာရရှိစေနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဆင်ပေါင်ဝဲမြို့နယ်၌ အငြိမ်းစားများအား UID ကတ် အခမဲ့ဆောင်ရွက်ပေး

**ဆင်ပေါင်ဝဲ ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်၌ ဇူလိုင် ၂၃ ရက်က နိုင်ငံ့ဝန်ထမ်းအငြိမ်းစား မိဘပြည်သူများအား UID (Unique Identity) အခမဲ့ဆောင်ရွက်ပေးသည်။

အဆိုပါ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး၏ ဦးဆောင်မှုဖြင့် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစား မိဘပြည်သူများ၏ Biometric အချက်အလက်များ စိစစ်ကောက်ယူခြင်း၊ မျက်လုံး Scan ဖတ်ခြင်း၊ လက်ဗွေ Scan ဖတ်ခြင်း၊ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များ ထည့်သွင်းခြင်းတို့ ပြုလုပ်ကာ UID နံပါတ်များကို အခမဲ့ထုတ်ပေးခဲ့ကြကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇူလိုင် ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၂၆ - ၇ - ၂၀၂၅ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၇)၊ အမှတ် (၃၀) တွင်** တစ်ပါးသူ အသက်ရှင်ဖို့အတွက် ကိုယ်ကျိုးစွန့်သွားသည့် နှင်းစက်လေးအကြောင်း သရုပ်ဖော်ထားသည့် “နှင်းစက်လေး” မျက်နှာဖုံးကာတွန်း၊ သစ်တောသစ်ပင်များသည် ကမ္ဘာကြီးကို အကျိုးပြုပုံ၊ သဘာဝဘေးအန္တရာယ်ကို ကာကွယ်ပုံနှင့် သစ်ပင်များ စိုက်ပျိုးခြင်းကြောင့် ရရှိမည့် အကျိုးကျေးဇူးများအကြောင်း ဗဟုသုတဖြစ်ဖွယ် ရေးသားထားသည့် “သစ်ပင်၏ အကျိုးကျေးဇူးများ” သုတဆောင်းပါးကဏ္ဍ၊ တော်သလင်းလ၏ ထူးခြားချက်များအကြောင်းကို ခင်ခင်ပြုံးနှင့် သူငယ်ချင်းများ ပြောထားသည်ကို သရုပ်ဖော်ထားသည့် “ဂန္ဓဝင် ခင်ခင်ပြုံးနှင့် အပေါင်းအသင်းများ” နှစ်မျက်နှာကာတွန်း၊ အိအိသည် မိဘမေတ္တာကို နားလည်သွားကာ သူငယ်ချင်းအောင်မြတ်ကို အားကျအတုယူသွားမည့်အကြောင်း ရေးသားထားသည့် “မုန့်ဖိုး” ဝတ္ထုကဏ္ဍ၊ ကျောင်းပိတ်ရက်တွင် အမေကို ဝိုင်းကူလုပ်ပေးသော ဖိုးတစ်တိုအကြောင်း သရုပ်ဖော်ထားသည့် “ဖိုးတစ်တို” တစ်မျက်နှာကာတွန်း၊ ဘုရင်ကြီးမှာ သပ်ရပ်သန့်ရှင်းစွာနေထိုင်သော အဘွားအိုကို သပ်ရပ်သန့်ရှင်းမှု တစ်သက်တာဆုအဖြစ် ဆုငွေများ ချီးမြှင့်ထားသည့်အကြောင်းကို ရေးသားထားသည့် “ဟန်ဆောင်မှုကင်း ဆုရခြင်း” ပုံပြင်ကဏ္ဍ၊ မိဘ၏ဆုံးမစကားကို နားထောင်ပြီး လိုက်နာလုပ်ဆောင်သည့်အတွက် ကျန်းမာရေးကောင်းကျိုးများ ရရှိသွားသည့် ဖိုးဇော်အကြောင်း သရုပ်ဖော်ထားသည့် “ကျန်းမာခြင်းရဲ့ လာဘ်တစ်ပါး” နှစ်မျက်နှာကာတွန်း၊ ကျောင်းတွင် ဆရာမမေးသည့်မေးခွန်းကို မှားဖြေလိုက်မိသည့် ပိုင်ဇင်သန့်အကြောင်းကို သရုပ်ဖော်ထားသည့် “ပိုင်ဇင်သန့်-တနဲ့ထ” မျက်နှာဝက်ကာတွန်း၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။




**သတင်းစဉ်**

**မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)**

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

**လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပန်ကာများကို ဆက်တိုက်ဖွင့်ထားခြင်းက မီတာခ ပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။**

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တည်ထောင်သည့်(၉၈)နှစ်မြောက် အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တည်ထောင်သည့် (၉၈) နှစ်မြောက် အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ရှိ Novotel Max ဟိုတယ်၌ ကျင်းပရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး တက်ရောက်သည်။

ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် အဆိုပါ အခမ်းအနားကျင်းပသည့်နေရာသို့ ရောက်ရှိကြရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး Senior Colonel Qu Zhe နှင့်ဇနီး၊ တာဝန်ရှိသူတို့က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြပြီး ခန်းမအတွင်း ပြသထားသော မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(ယာပုံ)**

အစီအစဉ်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်သီချင်းတို့ဖြင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၉၈) နှစ်မြောက် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ မှတ်တမ်းဗီဒီယိုကို ပြသသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး Senior Colonel Qu Zhe က နှုတ်ခွန်းဆက်စကားပြောကြားသည်။

**အမှတ်တရစုပေါင်းဓာတ်ပုံရိုက်**

ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး၊ တရုတ်စစ်သံမှူးနှင့်ဇနီးတို့က တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တည်ထောင်သည့် (၉၈) နှစ်မြောက် အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့် တရုတ်စစ်သံမှူးတို့က အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။



အဆိုပါအခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျောင်းကုန်းမြို့၌ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

**ကျောင်းကုန်း ဇူလိုင် ၂၄**

ကျောင်းကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဂါဒီယန်ဦးစိန်ဝင်း ခန်းမ၌ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်းက သဘာဝဘေးအန္တရာယ်ဆိုသည်မှာ လူတို့၏ ကြိုးစားအားထုတ်မှုကြောင့်မဟုတ်ဘဲ သဘာဝတရားကြောင့် ဖြစ်ပွားသောအန္တရာယ်ကို ဆိုလိုကြောင်း၊ သဘာဝဘေးအန္တရာယ်များဖြစ်သည့် မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ မြေပြိုဘေးစသည့် အန္တရာယ်များ ဖြစ်ပေါ်လာပါက ကြိုတင်ကာကွယ်ရေးဆိုင်ရာများ အသိပညာပေး ဟောပြောပြီး မီးသတ်ဦးစီးဌာနမှ "သဘာဝဘေးများ ညီညွတ်မှုဖြင့်ကျော်သွား"၊ "သတိပြု၍ ပြင်ဆင်ကာကွယ် ရေကြီးရေလျှံသဘာဝဘေးအန္တရာယ်" စသည်ဖြင့် အသိပညာပေးသည်။



ထို့နောက် ရေဘေးအန္တရာယ်အတွက် အသက်ကယ်အင်္ကျီဝတ်ဆင်ပုံကို လက်တွေ့သရုပ်ပြဝတ်ဆင်ပြသခဲ့သည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# စွန့်ပစ်အမှိုက်များနှင့်ပတ်သက်၍ အသိပညာပေး

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနတို့ဦးစီး၍ ဇူလိုင် ၂၂ ရက်က လသာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ အစည်းအဝေးခန်းမ၌ စွန့်ပစ်အမှိုက်များနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ ပြုလုပ်သည်။ **(အပေါ်ပုံ)**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်ဥက္ကဋ္ဌ ရန်နိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်နှင်းအေးက ကျောင်းသား ကျောင်းသူများအား စွန့်ပစ်အမှိုက်များကို လျှော့ချခြင်း၊ ပြန်လည်တီထွင်အသုံးပြုခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ အမှိုက်အမျိုးအစားများ ခွဲခြားစွန့်ပစ်နည်းခြင်း၊ အမှိုက်များကြောင့် ဖြစ်ပေါ်တတ်သည့်ရောဂါများ၊ မိမိတို့ကိုယ်တိုင်လုပ်ဆောင်ရမည့်နည်းလမ်းများကို လက်တွေ့အသုံးပြုစေပြီး အသိပညာပေး တေးသရုပ်ဖော်များဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် အမှိုက်များကို အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်၊ ဘေးအန္တရာယ်ရှိ အမှိုက်များကို အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်ရန်လိုအပ်ပြီး အမှိုက်နှင့်ပတ်သက်၍ မေးခွန်းများကို ဖြေကြားခြင်းများ ပြုလုပ်ပေးပြီး အမှိုက်အမျိုး အစားလေးမျိုးကို ဦးစီးအရာရှိ ဒေါက်တာမိုးမိုးနှင့် ဝန်ထမ်းများက လက်တွေ့သရုပ်ပြသကြသည်။ **ကျော်ဆန်းမြင့်**

# သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေး မြို့နယ်အဆင့် အသိပေးဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျန်းမာရေးဦးစီးဌာန မှော်ဘီပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ သွေးလွန်တုပ်ကွေး ရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရေး မြို့နယ်အဆင့် အသိပေးဆွေးနွေးပွဲကို ဇူလိုင် ၂၂ ရက်က ကျင်းပရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာစောမြထွန်းက အမှာစကား ပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးမှူးအဆင့်(၁) ဒေါ်ခင်အေးဝင်းက သွေးလွန်တုပ်ကွေးနှိမ်နင်းရေး အကြောင်း ပြောကြားသည်။



အဆိုပါ အစည်းအဝေးသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့များ၊ သက်ဆိုင်ရာကျန်းမာရေးကော်မတီဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မှော်ဘီ နည်းပညာတက္ကသိုလ် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။ မှော်ဘီမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများသို့ အုပ်စုအဖွဲ့ခွဲ၍ ဇူလိုင် ၂၂ ရက်မှစ၍ တစ်ပတ်အတွင်း အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဇော်(ပြန်/ဆက်)**

# တိုက်ကြီးမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID ကတ်များ ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး

**တိုက်ကြီး ဇူလိုင် ၂၄**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID ကတ်များ ဆောင်ရွက်ပေးခြင်းကို ယနေ့နံနက်ပိုင်းက မြန်မာ့စီးပွားရေးဘဏ်၌ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး ဒေါ်စုစုခိုင် ဦးဆောင်၍ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UIDကတ်များ ဆောင်ရွက်ပေးနေမှုအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းအောင်နှင့် မြို့နယ်ဦးစီးမှူး ဦးဝင်းဆွေတို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ဝတ်ရည်(ပြန်/ဆက်)**



# ညောင်ဦးမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID ကတ်ဆောင်ရွက်ပေး

**ညောင်ဦး ဇူလိုင် ၂၄**

ညောင်ဦးမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ၁၃၀၀ Biometric (UID)ကတ်များ ပြုလုပ်ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြုလုပ်ပေးရာတွင် ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးပြည်ကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းလှိုင်းတင့်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဦးစီးမှူး ဦးလှငြိမ်းနှင့် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်း



အငြိမ်းစား ၂၁၇၇ ဦးတို့အား Biometric (UID) ကတ်များ အခမဲ့ပြုလုပ်ပေးနေသည့် မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ဒီပါလင်း**

## ၂၀၂၅ ခုနှစ် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံအသက်(၂၅)နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ဘားအံ ဇူလိုင် ၂၄**

၂၀၂၅ ခုနှစ် ကရင်ပြည်နယ် ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ ပြည်နယ်ဖူဆယ်အားကစားခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် ဘားအံမြို့နယ်အသင်းနှင့် ဖာပွန်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘားအံမြို့နယ်အသင်းက ခုနစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပွဲစဉ်တစ်လျှောက်ဂိုးသွင်းအများဆုံးအားကစားသမားဆု၊ အကောင်းဆုံး ဂိုးသမားဆု၊ နေရာအလိုက် အကောင်းဆုံး အားကစားသမားဆုရရှိကြသူများနှင့် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသော အသင်းများကို တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။(ယာပုံ)

ပြည်နယ် (ပြန်/ဆက်)



## ၂၀၂၅ ခုနှစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက်(၂၅)နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**တောင်ကြီး ဇူလိုင် ၂၄**

၂၀၂၅ ခုနှစ် ရှမ်းပြည်နယ်ဝန်ကြီး ချုပ်ဖလား မြို့နယ်အလိုက် အသက်(၂၅)နှစ်အောက် အမျိုးသား ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ ဆုချီးမြှင့်ပွဲနှင့် ပြည်နယ်ပိုက်ကျော်ခြင်း အသင်းအား အောင်နိုင်ရေးအလံ ပေးအပ်ပွဲကို ယနေ့ညနေပိုင်းတွင် တောင်ကြီးမြို့ ပြည်နယ် အားကစားလေ့ကျင့်ရေးရုံ၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သူနာပြုသားဖွား သင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး)မှ သင်တန်းသား သင်တန်းသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။



မြို့နယ်အလိုက် အသက်(၂၅) နှစ်အောက် အမျိုးသားဖူဆယ် ပြိုင်ပွဲဗိုလ်လုပွဲအဖြစ် တောင်ကြီး မြို့နယ်အသင်းနှင့် ညောင်ရွှေ မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တောင်ကြီးမြို့နယ်အသင်းက သုံးဂိုး – တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အကောင်းဆုံးဂိုးသမားဆုနှင့် ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံး အားကစားသမားဆု ရရှိကြသူများ၊ ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသည့်အသင်းများကို တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလား ချီးမြှင့်ပေးအပ်ကြသည်။ (ဝဲပုံ)

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်ပိုက်ကျော်ခြင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်နယ်ပိုက်ကျော်ခြင်းအသင်းအား အောင်နိုင်ရေး အလံပေးအပ်ပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသက် (၂၃)နှစ်အောက် အမျိုးသား အမျိုးသမီး ရှမ်းပြည်နယ်လက်ရွေးစင် ပိုက်ကျော်ခြင်းအသင်းကိုအောင်နိုင်ရေးအလံနှင့် စားစရိတ်ငွေများကို ပေးအပ်ရာ အသင်းအုပ်ချုပ်သူ နည်းပြနှင့် အားကစားသမားများက လက်ခံရယူကြကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

## ဒုတိယဝန်ကြီး ဦးဝင်းရှိန် EPS – TOPIK စာမေးပွဲအောင်မြင်သူများအား အလုပ်လျှောက်လွှာထုတ်ပေးနေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၄**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာဌာနမှ တာဝန်ရှိသူများနှင့်အတူ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ကိုရီးယားဘာသာအရည်အချင်းစစ် (EPS) စာမေးပွဲအောင်မြင်သူများအား အလုပ်လျှောက်လွှာ ထုတ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ကိုရီးယားနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်ချိန်တွင် ကြိုးကြိုးစားစား လုပ်ကိုင်ကြရန်၊ သွားရောက်မည့်နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေများကို ကြိုတင်လေ့လာထားကြရန်နှင့် မိသားစုလွှဲပို့ငွေများ တရားဝင်လွှဲပို့ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကိုရီးယား သမ္မတနိုင်ငံသို့ အလုပ်လုပ်ကိုင်ခွင့်စနစ် (Employment Permit System – EPS) ဖြင့် လုပ်သားများစေလွှတ်နိုင်ရေးအတွက် (၁၆) ကြိမ်မြောက် ကိုရီးယားဘာသာ အရည်အချင်းစစ် (EPS – TOPIK) စာမေးပွဲ အောင်မြင်သူ ၄၂၄၉ ဦးကို အလုပ်လျှောက်လွှာ ထုတ်ပေးခြင်း၊ လက်ခံခြင်းကို ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း အစိုးရပြည်ပ အလုပ်အကိုင်အေဂျင်စီရုံး၌ ဇူလိုင် ၂၁ ရက်မှ ဩဂုတ် ၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မင်းလှမြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအတွက် UID ဆောင်ရွက်ပေး

**မင်းလှ ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့၌ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများ၏ ပင်စင်လစာများ ထုတ်ယူရာတွင် အဆင်ပြေစေရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ Biometric ကောက်ယူပြီး (UID) Unique Identity ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပေးခြင်းကို မြန်မာ့စီးပွားရေးဘဏ်၌ ယမန်နေ့က ဆောင်ရွက်ပေးသည်။



အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်ဦးနှင့် ဝန်ထမ်းများက UID (Smart Card) မပြုလုပ်ရသေးသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်အထိ မြန်မာ့စီးပွားရေးဘဏ်၌ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ရှိသူများအား ရပ်ကွက်၊ ကျေးရွာများအရောက် ဆက်လက်ကွင်းဆင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## အိမ်မဲမြို့နယ်၌ ကျေးလက်လမ်းများဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး

**အိမ်မဲ ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ပြည်ထောင်စု (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အိမ်မဲ-ဝါးခယ်မ ကားလမ်းမကြီးမှ ကြာတန်းကျေးရွာသို့ ဆက်သွယ်သောလမ်း ကျောက်ချောခင်းခြင်း (၀/၃)မိုင်လုပ်ငန်းနှင့် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျွဲလမ်း-ကမ်းနားထိန်ငူလမ်း ကွန်ကရစ်ခင်းခြင်း (၀/၂.၂) မိုင်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ယမန်နေ့ မွန်းလွဲပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေးက ကြည့်ရှုစစ်ဆေးခဲ့သည်။



ချစ်သက်လယ်(ပြန်/ဆက်)

# မြန်မာစံချိန်စံညွှန်းများ ပြင်ဆင်သတ်မှတ်ခြင်း

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ) ပါ လုပ်ငန်းတာဝန်များအရ အမျိုးသားစံချိန်စံညွှန်းကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၈)၊ (၀၂၂/၂၀၁၉)၊ (၁၄၉/၂၀၁၉)၊ (၀၆၆/၂၀၂၀)၊ (၀၉၁/၂၀၂၂)၊ (၁၅၀/၂၀၂၂)၊ (၀၂၃/၂၀၂၄)တို့ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မြန်မာစံချိန်စံညွှန်းများအနက် စံချိန်စံညွှန်း ၂၂၃ ခုကို International Standards များနှင့်အညီ Update ပြုလုပ်ထားသော အောက်ဖော်ပြပါ စံချိန်စံညွှန်း(၂၀၉)ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် ပြင်ဆင်သတ်မှတ်လိုက်သည်–

| စဉ် | မြန်မာစံချိန်စံညွှန်းများ |
|---|---|
| ၁။ | MMS IEC 60034–1:2022 လည်ပတ်လှုပ်ရှားဆောင်ရွက်သည့် လျှပ်စစ်စက်ပစ္စည်းများ – အပိုင်း(၁)– စံနှုန်းသတ်မှတ်မှုနှင့်စွမ်းဆောင်ရည် |
| ၂။ | MMS IEC 60034–2–1:2024 လည်ပတ်သည့်လျှပ်စစ်စက်ပစ္စည်းများ–အပိုင်း (၂–၁)– စမ်းသပ်ခြင်းမှ ပျောက်ဆုံးမှုနှင့် စွမ်းရည်ရှိမှုဆုံးဖြတ်ခြင်းအတွက် စံချိန်စံညွှန်းနည်းလမ်းများ (ဆွဲငင်ယာဉ်များအတွက် စက်မပါ) |
| ၃။ | MMS IEC 60086–1:2021+COR1:2022 တစ်ခါသုံးဓာတ်ခဲများ – အပိုင်း (၁) – အထွေထွေ |
| ၄။ | MMS IEC 60086–2:2021+COR1:2022 တစ်ခါသုံး ဓာတ်ခဲများ – အပိုင်း (၂) – သွင်ပြင်နှင့်လျှပ်စစ်ဆိုင်ရာ သတ်မှတ်ချက်များ |
| ၅။ | MMS IEC 60227–1: 2024 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ပိုလီဗီနိုင်း ကလိုရိုက်လျှပ်ကာ ဝိုင်ယာကြိုးများ – အပိုင်း (၁)– အထွေထွေလိုအပ်ချက်များ |
| ၆။ | MMS IEC 60227–3: 2024 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ပိုလီဗီနိုင်း ကလိုရိုက်လျှပ်ကာ ဝိုင်ယာကြိုးများ – အပိုင်း (၃) – ပုံသေတပ်ဆင်ထားသော အခွံမာမပါသောဝိုင်ယာ |
| ၇။ | MMS IEC 60227–4: 2024 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ပိုလီဗီနိုင်း ကလိုရိုက်လျှပ်ကာ ဝိုင်ယာကြိုးများ – အပိုင်း (၄) – ပုံသေတပ်ဆင်ထားသော အခွံမာပါသောဝိုင်ယာ |
| ၈။ | MMS IEC 60227–5: 2024 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ ဗို့အားအထိ အသုံးပြုနိုင်သည့် ပိုလီဗီနိုင်း ကလိုရိုက်(ပီဗွီစီ) ဖုံးအုပ်ထားသောဝိုင်ယာကြိုးများ – အပိုင်း (၅) – ဝိုင်ယာကြိုးပျော့များ |
| ၉။ | MMS IEC 60227–7:2024 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ ဗို့အားအထိ အသုံးပြုနိုင်သည့် ပိုလီဗီနိုင်း ကလိုရိုက်(ပီဗွီစီ) လျှပ်ကာ ကေဘယ်လ်များ – အပိုင်း(၇) – သတ်မှတ်ဗို့အား ၃၀၀/၅၀၀ ဗို့အားအထိ အသုံးပြုနိုင်သည့် သတ္တုအလွှာပါးပါနှင့် သတ္တုအလွှာပါးမပါသည့် လျှပ်ကူး နှစ်ကြိုး သို့မဟုတ် နှစ်ကြိုးထက် ပို၍ပါသော ကေဘယ်လ်ပျော့များ |
| ၁၀။ | MMS IEC 60228: 2023 လျှပ်ကာကေဘယ်လ်များ၏ လျှပ်ကူးပစ္စည်းများ |
| ၁၁။ | MMS IEC 60245–3:1994+AMD1:1997+AMD2:2011 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ရော်ဘာလျှပ်ကာဝိုင်ယာကြိုးများ – အပိုင်း(၃) – အပူခံဆီလီကွန် ဒြပ်ပေါင်း လျှပ်ကာဝိုင်ယာကြိုးများ |
| ၁၂။ | MMS IEC 60269–1:2024 ဗို့အားနိမ့်ဖျူးစ်များ – အပိုင်း (၁) – အထွေထွေလိုအပ်ချက်များ |
| ၁၃။ | MMS IEC 60269–2:2013+AMD1:2016+AMD2:2024 ဗို့အားနိမ့်ဖျူးစ်များ – အပိုင်း(၂) – သက်ဆိုင်ရာ ဆောင်ရွက်ခွင့်ရှိသူများသာ လုပ်ကိုင်ရမည့်ဖျူးစ်များအတွက် ထပ်မံဖြည့်စွက်လိုအပ်ချက်များ (စက်မှုလုပ်ငန်းတွင် အဓိကအသုံးပြုသည့် ဖျူးစ်များ) A မှ K အထိ ဖျူးစ်များ၏ စံသတ်မှတ်ထားသည့် စနစ်ဥပမာများ |
| ၁၄။ | MMS IEC 60269–3:2024 ဗို့အားနိမ့်ဖျူးစ်များ –အပိုင်း (၃)– သာမန်ဆောင်ရွက်သူများသာ လုပ်ကိုင်ရမည့် ဖျူးစ်များအတွက် ထပ်မံဖြည့်စွက် လိုအပ်ချက်များ (နေအိမ် သို့မဟုတ် အလားတူ နေရာများတွင် အဓိကအသုံးပြုသည့်ဖျူးစ်များ) A မှ F အထိဖျူးစ်များ၏ စံသတ်မှတ်ထားသည့်စနစ်ဥပမာများ |
| ၁၅။ | MMS IEC 60269–4:2024 ဗို့အားနိမ့်ဖျူးစ်များ– အပိုင်း(၄)–တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၏ အကာအကွယ်ပြုဖျူးစ်–လင့်ခ်များအတွက်ထပ်မံဖြည့်စွက်လိုအပ်ချက်များ |
| ၁၆။ | MMS IEC 60320–1:2021 အိမ်သုံးနှင့် အလားတူ အထွေထွေ အသုံးပြုခြင်းများအတွက် ဆက်သွယ်ခေါင်းပါသွယ်ကြိုး – အပိုင်း (၁) – အထွေထွေလိုအပ်ချက်များ |
| ၁၇။ | MMS IEC 60335–1:2020 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ–အန္တရာယ်ကင်းရှင်းရေး– အပိုင်း(၁)–အထွေထွေလိုအပ်ချက်များ |
| ၁၈။ | MMS IEC 60335–2–2:2019 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၂)– ဖုန်စုပ်စက်နှင့်ရေစုပ်ယူသည့် သန့်ရှင်းရေးပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၁၉။ | MMS IEC 60335– 2–3:2022 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ–အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၃) – လျှပ်စစ်မီးပူများအတွက် သီးခြားလိုအပ်ချက်များ |
| ၂၀။ | MMS IEC 60335–2–4:2023 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၄) – အဝတ်ညှစ်စက်ဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၂၁။ | MMS IEC 60335–2–6:2024 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၆)– လုပ်ငန်းသုံး မီးဖိုများ၊ အပူပြားမီးဖိုများ၊ အလုံပိတ် မီးဖိုများနှင့် အလားတူ လျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၂၂။ | MMS IEC 60335–2–7:2024 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၇) – အဝတ်လျှော်စက်ဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၂၃။ | MMS IEC 60335–2–8: 2022 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂–၈)– မုတ်ဆိတ်ရိတ်စက်၊ ဆံပင်ရိတ်စက်နှင့်အလားတူ လျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၂၄။ | MMS IEC 60335–2–11:2024 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၁၁) – အဝတ်အခြောက်ခံစက်အတွက် သီးခြားလိုအပ်ချက်များ |
| ၂၅။ | MMS IEC 60335–2–12:2024 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၁၂) – အစားအသောက်နွေးဖို့နှင့် အလားတူ လျှပ်စစ်ပစ္စည်းများဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၂၆။ | MMS IEC 60335–2–13:2021 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၁၃)–လျှပ်စစ်ဆီကြော်အိုးများ၊ လျှပ်စစ်ဒယ်အိုးများနှင့် အလားတူပစ္စည်းများဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၂၇။ | MMS IEC 60335–2–15:2024 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း(၂–၁၅) – အရည်များ အပူပေးသောပစ္စည်းကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |
| ၂၈။ | MMS IEC 60335–2–21: 2022 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ–အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၂၁) – ရေပူစက်များအတွက် သီးခြားလိုအပ်ချက်များ |
| ၂၉။ | MMS IEC 60335–2–23:2016+AMD1:2019 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ–အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂–၂၃) – အသားအရေ သို့မဟုတ် ဆံပင်ပြုစုထိန်းသိမ်းခြင်းပစ္စည်းကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |
| ၃၀။ | MMS IEC 60335–2–24:2020 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ– အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၂၄) – အအေးပေးသည့် ပစ္စည်းများ၊ ရေခဲမုန့်နှင့် ရေခဲပြုလုပ်သည့် စက်ပစ္စည်းများဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၃၁။ | MMS IEC 60335–2–25:2024 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း(၂–၂၅)– မိုက်ခရိုဝေ့ဖ်မီးဖိုများဆိုင်ရာသီးခြားလိုအပ်ချက်များ |
| ၃၂။ | MMS IEC 60335–2–26:2024 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၂၆) – နာရီများအတွက် သီးခြားလိုအပ်ချက်များ |
| ၃၃။ | MMS IEC 60335–2–28: 2021 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၂၈)– အပ်ချုပ်စက်များအတွက် သီးခြားလိုအပ်ချက်များ |
| ၃၄။ | MMS IEC 60335–2–29:2016+AMD1:2019 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂–၂၉)– ဘက်ထရီအားသွင်းစက်များအတွက် သီးခြားလိုအပ်ချက်များ |
| ၃၅။ | MMS IEC 60335–2–31: 2024 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၃၁) – မီးဖိုတွဲများနှင့် အခြားချက်ပြုတ် ညှော်စုပ်စက်များအတွက် သီးခြားလိုအပ်ချက်များ |
| ၃၆။ | MMS IEC 60335–2–34:2024 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၃၄) – မော်တာ–ကွန်ပရက်ဆာဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၃၇။ | MMS IEC 60335–2–35:2012+AMD1:2016+AMD2:2020 အိမ်သုံးနှင့် အလားတူ လျှပ်စစ်ပစ္စည်းများ– အန္တရာယ်ကင်းရှင်းရေး – အပိုင်း (၂–၃၅) – အပူမြန်ရေပူပေး ကိရိယာဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၃၈။ | MMS IEC 60335–2–36:2021 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၃၆) – စီးပွားရေးလုပ်ငန်းသုံးလျှပ်စစ်မီးဖိုတွဲများ၊ ပေါင်းဖိုများ၊ မီးဖိုများနှင့် မီးဖို၏ အပူထုတ်အစိတ်အပိုင်းများဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၃၉။ | MMS IEC 60335–2–40 :2024 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၄၀)–လျှပ်စစ်အပူပေးပန့်၊လေအေးပေးစက်နှင့် စိုထိုင်းမှု ထိန်းညှိပစ္စည်းကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |
| ၄၀။ | MMS IEC 60335–2–41:2024 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၄၁)–ပန့်များအတွက် သီးခြားလိုအပ်ချက်များ |
| ၄၁။ | MMS IEC 60335–2–43:2024 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၄၃) – အဝတ်စထည်ခြောက်သွေ့စက်နှင့်ပစ္စည်းကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |
| ၄၂။ | MMS IEC 60335–2–44:2021 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂ – ၄၄) – အဝတ်ပြန့်ကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |
| ၄၃။ | MMS IEC 60335–2–45:2024 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၄၅) – သယ်ဆောင်နိုင်သော အပူပေးကိရိယာနှင့် အလားတူလျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၄၄။ | MMS IEC 60335–2–52:2021 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၅၂) – သွားနှင့်ခံတွင်းကျန်းမာရေးဆိုင်ရာ လျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၄၅။ | MMS IEC 60335–2–55:2021 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၅၅) – ငါးမွေးကန်နှင့်ဥယျာဉ်သုံးရေကန်များတွင် အသုံးပြုသည့် လျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၄၆။ | MMS IEC 60335–2–65:2023 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၆၅)– လေသန့်စင်သည့်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၄၇။ | MMS IEC 60335–2–73:2024 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ –အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၇၃)– အထိုင်ချတပ်ဆင်ထားသော နှစ်မြှုပ် အပူပေးကိရိယာများဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၄၈။ | MMS IEC 60335–2–74:2021 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ –အန္တရာယ်ကင်းရှင်းရေး– အပိုင်း(၂–၇၄)–ရွှေ့ပြောင်းသယ်ယူနိုင်သည့် ရေတိုင်ကီအတွင်း နှစ်မြှုပ်အပူပေးကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |

*(ဆက်လက်ဖော်ပြပါမည်)*

# သားခိုတောင်သို့ ရောက်ခဲ့သည်

မြင့်စိုး(နတလ)



ရှေးဟောင်းသမိုင်းဝင်သားခိုတောင် မဟာအတုလ လောကရန်အောင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီး။

မဟာလေ့ကားပန်းများနှင့် ကျွန်တော်

**သားခိုတောင်သို့ ရောက်လျှင်ရောက်ချင်း ကျွန်တော့်နားထဲမှာ စွဲသွားသည်မှာ ပန်းတစ်မျိုး၏ အမည်ဖြစ်သည်။ မြန်မာအမည် "မဟာလေ့ကားပန်း"၊ အင်္ဂလိပ်လိုတော့ Buttercup tree, Yellow Cotton tree, Silk Cotton tree ဟု ခေါ်ကြပြီး Family မျိုးရင်းမှာ Bixaceae ဖြစ်ကြောင်း၊ အရှေ့တောင်အာရှနှင့် အိန္ဒိယ တိုက်ငယ် အပူပိုင်းဒေသများတွင် ပေါက်ရောက်တတ်သော သစ်မာမျိုးဖြစ်ကာ ၂၅ ပေလောက်အထိ မြင့်မားတတ်ကြောင်း သိရသည်။ ဘုရားကုန်းတော်တစ်ဝိုက်၌ ပေ ၂၀ နှင့် ၂၅ ပေ အမြင့်ခန့်ရှိ မဟာလေ့ကား ပန်းပင်များ ဇန်နဝါရီလ ဒုတိယပတ်လောက်မှာ အပွင့်ပွင့်တတ်ကြောင်း၊ မဟာလေ့ကားပန်းများ ပွင့်ချိန်၌ အခြားအပင်များဖြစ်သည့် သစ်ရာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်တို့သည် အရိုးပြိုင်း အရွက်ကျနေချိန် ဖြစ်၍ ရွှေဝါရောင်အဆင်းနှင့် မဟာလေ့ကားပန်းတို့၏ အလှက ပို၍သက်ဝင် ထင်ရှားတင့်တယ်လှပနေကြောင်း ဒေသခံတို့က ဆိုကြ၏။**

ထို့ပြင်တစ်ဝ မဟာလေ့ကားပန်း၏ အဆင်းကို မြတ်စွာဘုရား၏ အသားအရေတော်နှင့်လည်း ခိုင်းနှိုင်းကြည်ညိုကြကုန်၏။ သည့်အတွက်ကြောင့် ပေလားမသိ။ နေပြည်တော် သပြေကုန်း မစိုးရိမ်တိုက်သစ်မှ ဆရာတော် ဦးအဂ္ဂဓမ္မ ဦးဆောင်သော ဘုရားဖူးအဖွဲ့ ဒါယကာ၊ ဒါယိကာမ ၆၀ ခန့်သည် သားခိုတောင်ရှိ မဟာအတုလ လောကရန်အောင် စေတီတော်မြတ်ကြီးကို သွားရောက်ဖူးမြော်ရင်း မြတ်စွာဘုရားအား ရည်မှန်း၍ မဟာလေ့ကားပန်းများကိုပါ ကြည်ညိုစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း ကြားသိခဲ့ရပါသည်။ မိုးတွင်းကာလမို့ မဟာလေ့ကားပန်းပွင့်များကို မမြင်ခဲ့ရသော်လည်း စေတီတော်ကြီးအနီး ပေါက်နေသော ပန်းပင်ငယ်အောက်တွင် အမှတ်တရ ဓာတ်ပုံရိုက်ခဲ့၏။ အဆင်းနှင့် အချင်းရှိသော ပန်း၊ သစ္စာဉာဏ်အလင်းကို ရစေသောပန်းဖြစ်သောကြောင့် ဝန်ကြီးပဒေသရာဇာက မောက်မိုအင်ကြင်း၊ နီဝင်းဇော်တ သော်ကလေ၊ မဟာလေ့ကား၊ ဆတ်သွားလှိုင်ပျံ့၊ ကြိုင်နံ့မွှေးဟူ၍ လည်းကောင်း၊ မြဝတီမင်းကြီးဦးစက မဟာလေ့ကား၊ ဆတ်သွားမဥ္ဇူ ပျဉ်းဖြူတည့်အနန်းဟူ၍ လည်းကောင်း၊ လယ်တီပဏ္ဍိတဦးမောင်ကြီးက မဟာလေ့ကား၊ စံကားရွှေနွယ်၊ ရွှေရောင်ဓာတ်သန်း၊ လျှပ်ပန်းသဖွယ် ရှုမခန်းပ၊ ဆန်းဆန်းကြယ်ကြယ်၊ တိုက်အလုံး ရွှေအုံးဆင်သခြယ်ဟူ၍ လည်းကောင်း တင်စားဖွဲ့ဆိုခဲ့ကြကြောင်း တွေ့ရသည်။ ထူးခြားချက်တစ်ခုမှာ မဟာလေ့ကားပန်းပင်များသည် သားခိုတောင်တစ်ဝိုက်တွင်သာ ပေါက်ရောက်ကြပြီး ပတ်ဝန်းကျင် အခြားနေရာဒေသများ၌ မတွေ့ရဟု ကြားသိခဲ့ရ၏။



ရှေးဟောင်းသမိုင်းဝင်သားခိုတောင် မဟာအတုလ လောကရန်အောင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးသို့ အဝင်မုခ်ဦး။

**လာလိုလျှင်အနီးလေး ခရီးမဝေးလှပါ**

သားခိုတောင်သို့ သွားလိုပါသလား၊ လမ်းညွှန်ပေးပါမည်။ တပ်ကုန်းမြို့ကိုကျော်ပြီး မိနစ် အနည်းငယ်မျှ ကားဖြင့်သွားပါက ကြို့ပင်သာရွာလမ်းခွဲသို့ ရောက်ပါမည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ တာဝန်ယူဖောက်လုပ်ထားသော ကွန်ကရစ်လမ်းအတိုင်း လမ်းဘေးဝဲယာရှိ ရေတွင်းဖြူ၊ မန်ကျည်းပင်၊ ညောင်ပင်သာ၊ ချောင်းခွ၊ ရွှေးစု၊ ရှားတုံးအိုင်၊ ဖောင်းတော၊ ညောင်ကိုင်း၊ ကျောင်းကုန်း၊ ဥယျာဉ်၊ ပင်သောင်၊ ကျွဲလည်ပင်း၊ ကျောက်စရစ်ကုန်းရွာများကို ဖြတ်ပြီးပါက ခရိုင်ချင်းဆက်ကတ္တရာလမ်းကို ရောက်ပါမည်၊ ထိုလမ်းမှဆူးတပ်ရွာကိုဖြတ်ကာ ဂဝံလမ်းအတိုင်း အုန်းပင်အရှေ့၊ အုန်းပင်အနောက်ရွာများရှိရာကို မောင်းလာခဲ့လျှင် သားခိုတောင်ပေါ်က မဟာအတုလ လောကရန်အောင်စေတီတော်ကို လှမ်းမြော်ဖူးတွေ့ရပါပြီ။ ကြို့ပင်သာမှ အရှေ့မြောက်ယွန်းယွန်း ခန့်မှန်းမိုင် ၂၀ အကွာတွင် တည်ရှိပြီး ဖြည်းဖြည်းနှင့် မှန်မှန်ဆိုလျှင် ကားမောင်းချိန် မိနစ် ၄၀ မျှသာဖြစ်ပါ၏။ လမ်းတစ်လျှောက်တွင် တွေ့ရသော ကျေးရွာလေးများ၏ အနေအထားကလည်း သာသာယာယာရှိပါသည်။ ကျေးလက်သဘာဝ စိုက်ပျိုးလုပ်ကိုင်နေမှုများကိုလည်း တွေ့ရမည်။ ကားလမ်းကလည်း အဆင်ပြေပါသည်။ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက နေပြည်တော်ကောင်စီ၏ ခွင့်ပြုရန်ပုံငွေဖြင့် သားခိုတောင်အတက်လမ်း ၅ ဖာလုံကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဂဝံလမ်းခင်းခဲ့ပြီး ယခုဘဏ္ဍာနှစ် ၂၀၂၅-၂၀၂၆ တွင် ၃ ဒသမ ၇၉ ဖာလုံကို ကွန်ကရစ်လမ်းခင်းပေးမည်ဖြစ်ပါသည်။ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနသည် အုန်းပင်ရွာမှ တောင်ပို့သာရွာနှင့် သစ်ဆိမ့်ပင်ကျေးရွာအုပ်စုသို့ သွားသည့် လမ်းပေါ်ရှိ လယ်ငယ်ချောင်းကူး ပေ ၃၀၀ သံကူကွန်ကရစ်တံတားတစ်စင်းကိုလည်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်ပေးလျက်ရှိသည်။

**သားခိုတောင်ဆိုသည်မှာ**

ယခုမှ သားခိုတောင်ရာဇဝင်ကို စာတင်ကာ ပြောရပါတော့မည်။ ၅၅၀ နိပါတ်တော်၌ အစကြိုးကြာ ၁၆ ခါတည်း၊ ဟင်္သာ ကိုးဖြစ်၊ ခြောက်ဖြစ်ကားခို၊ ကျေးညို သုံးခါ၊ သံသာကျူးမိန့် ကရဝိက်ငါး၊ လေးကား ကိန္နရာ၊ စာမရီ ၁၅၊ မျောက်ကား ၁၀၊ ဆင်ဝယ် ၁၁၊ နွားဖြစ် ၁၄၊ ဧကေ တစ်သိန္ဓောဝ၊ ကျွဲအဋ္ဌ ရှစ်ဘဝနှင့် သံမြသာညောင်း ဥဒေါင်း နှစ်ခါ၊ သာလိကာသတ္တ ခုနစ်၊ ဒွါသေ ၁၂ ကြက်၊ ဝက် ၁၃ ပေါင်းစုရုံးကာ သံသရာဝယ်ဆိုသည့် စကားနှင့်အညီ ဘုရားလောင်းကျွဲမင်းဘဝတွင် ရှစ်ဘဝကျင်လည်ခဲ့သည်ဟု ဆို၏။ ဘုရားလောင်း ကျွဲဘဝရှစ်ဘဝထဲမှ တစ်ဘဝသည် သားခိုတောင်နှင့် ဆက်စပ်နေသည့် သဘောဟု သိရသည်။

ပေစာကျောက်စာများဖြင့် ရေးထိုးထားသည့် သမိုင်းအထောက်အထား မရှိသော်ငြားလည်း တွေ့ရှိရသည့် ရှေးဟောင်းလက်ရာများနှင့် ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်းလာခဲ့ကြသည့် နှုတ်ထွက်အက္ခရာတို့ကို စုစည်းကာ ၂၀၁၈ ခုနှစ်တွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တာဝန်ရှိသူများ၏ ကြိုးပမ်းအားထုတ်မှုကျေးဇူးဖြင့် သားခိုတောင်တော်၏ သမိုင်းမှတ်တမ်းအကျဉ်းကို ဖတ်ရှုလေ့လာခွင့်ရခဲ့ခြင်းဖြစ်ပါသည်။ အုန်းပင်ရွာ မင်္ဂလာရန်အောင် ကျောင်းတိုက်တွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ စုပေါင်းကထိန်ခင်းရာမှအစပြုခဲ့သည်ဟု ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးဖိုးဆယ်၊ အတွင်းရေးမှူး ဦးစိုးမြင့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်မြင့်နှင့် ဦးကျော်ညွန့်လှိုင်၊ အုန်းပင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းတို့နှင့် စကားဝိုင်းဖွဲ့ရင်း သိခွင့်ရခဲ့၏။ သားခိုတောင်နှင့် ပတ်ဝန်းကျင်တွင် တည်ရှိနေသည့် ရှေးဟောင်းလက်ရာများနှင့် လယ်ယာမြေများမှ တွေ့ရှိရသည့် မြေအိုး၊ မြေဆေးတံ၊ မြေပုတီးစေ့များ၊ အုတ်ချပ်ကြီးများသည် ပုဂံခေတ်ထက်စော၍ ပျူခေတ်လက်ရာ သမိုင်းအထောက်အထားများ ဖြစ်နိုင်ကြောင်း ဖော်ပြထားပါသည်။ သမိုင်းအကျဉ်းကို ဆက်ပါဦးမည်။ *စာမျက်နှာ ၁၁ သို့*



မဟာလေ့ကားပန်းပင်များကြားက ရှေးဟောင်းအုတ်လှေကား။

*စာမျက်နှာ ၁၀ မှ*

**ဘုရားလောင်းကျွဲမင်း၏ ဘဝဖြစ်စဉ်**

သားခိုတောင်တည်ရှိရာအရပ်တွင် ဒေဝဒတ်ကျွဲမင်းနှင့် ကျွဲမ ၅၀၀ ကျက်စားခဲ့ကြရာ ကျွဲမများ သန္ဓေတည်ပြီး ကျွဲပေါက်လေးများ မွေးဖွားလာချိန်၌ အမဖြစ်လျှင် အသက်ရှင်ခွင့်ပေးပြီး အထီးမွေးလာပါမူ ဒေဝဒတ်ကျွဲမင်းက ၎င်း၏ဦးချိုဖြင့်ခတ်၍ သတ်လေ့ရှိကြောင်း၊ မိခင်ကျွဲမကြီးသည် ဘုရားလောင်းကျွဲမင်းအား ပဋိသန္ဓေဆောင်ချိန်တွင် ဒေဝဒတ်၏ရန်ကို ရှောင်တိမ်း ပုန်းခိုနေရသည့်တောကို ပုန်းတော (ယခု ပိန်းတောကျေးရွာ)၊ တောင်စောင့်နတ်မင်းကြီးက သားဝှက်ဂါထာကိုပေးပြီး ပုန်းအောင်းနေထိုင်ရမည့်နေရာ (ယခုသားခိုတောင်နေရာ) အား ညွှန်ပြစောင်မခဲ့သည့်နေရာကို (နတ်မကျေးရွာ)၊ မီးဖွားကာနီး သား၏ကိုယ်ဝန်ကိုလွယ်၍ ခေါ်ဆောင်လာသောတောင်ကို လွယ်ခေါ်တောင်၊ ဒေဝဒတ်ကျွဲမင်း မမြင်စေရန် တောင်ပို့ကြီးနောက်တွင် ပုန်းအောင်းနေခဲ့ရသောနေရာကို (ယခုတောင်ပို့သာကျေးရွာ)၊ ကြာပင်အင်းကျေးရွာတွင် မွေးဖွားခဲ့ပြီး အချင်းကျသောနေရာကို (ယခု ချင်းစုကျေးရွာ) ဟု အမည်နာမများ ခေါ်တွင်ခဲ့ကြကြောင်း ထိုမှတစ်ဆင့် သားငယ်ဘုရားလောင်းကျွဲမင်းအား တောင်ထိပ်တစ်ခုပေါ်သို့ ပို့ဆောင်ဝှက်ထားပြီး ကြီးပြင်းစေခဲ့ရာ ထိုနေရာမှာ ယခု သားခိုတောင်ဟု အမည်တွင်လာခဲ့ကြောင်း၊ သားခိုတောင်၏အောက်တွင် တောင်လေးလုံး ဥမင်သဖွယ် တည်ရှိနေသောနေရာကို ဥမင်(ယခု အုန်းပင်ကျေးရွာ) ဟု ခေါ်ကြောင်း လေ့လာသိရှိရပါသည်။

ဘုရားလောင်းကျွဲမင်း ကြီးပြင်းလာသောအခါ ဖခင်ဖြစ်သော ဒေဝဒတ်ကျွဲမင်းနှင့် အားစမ်းရန် စိန်ခေါ်ခဲ့သည့် ရေအိုင်ကြီးနေရာကို (ယခုညောင်အိုင်ကျေးရွာ)၊ ဒေဝဒတ်ကျွဲမင်းက အနီးရှိ ညောင်ပင်ကြီးအား ဦးချိုဖြင့်ခတ်ပြရာ လွင့်စဉ်ကျရောက်သွားသောနေရာကို (ယခု တပ်ကုန်းမြို့ မြောက်ဘက်ရှိ ညောင်လွန့်ကျေးရွာ)၊ ဘုရားလောင်းကျွဲမင်းက အားစမ်းခတ်ပြသော ဆီးဖြူပင်ကြီးမှ ဆီးဖြူသီးများ ရှစ်စိတ်ကွဲ၍ မြေပေါ်သို့ ကျခဲ့သည့်နေရာ (ယခု ဇီးဖြူကုန်းကျေးရွာ) တို့ကိုလည်း သူ့အမည်နှင့်သူ ယှဉ်တွဲမှတ်သားခဲ့ရပါသည်။ ဘုရားလောင်းကျွဲမင်းသည် ဖခင်ဖြစ်သူ ဒေဝဒတ်ကျွဲမင်းကို ခွန်အားပြိုင်ရုံသာ ပြိုင်ခဲ့ပြီး အန္တရာယ်မပြုခဲ့ပေ။ သို့ရာတွင် တစ်ချိန်က ဒေဝဒတ်ကျွဲမင်းသည် သစ်ဆိမ့်ပင်ကြီးတစ်ပင်ကို ဦးချိုဖြင့်ခတ်၍ ဖျက်ဆီးခဲ့ဖူးသောကြောင့် သစ်ဆိမ့်ပင်စောင့် ရုက္ခစိုးနတ်မင်းက ဒေဝဒတ်ကျွဲမင်း ဘုန်းကံကျပြီး နိမ့်ပါးအားနည်းနေချိန်၌ ကျွဲယောင်ဆောင်ကာ ယှဉ်ပြိုင်တိုက်ခိုက်၍ သုတ်သင်ခဲ့ကြောင်း သိရှိခဲ့ရပါသည်။ သစ်ဆိမ့်ပင်ကြီးနေရာ (ယခုသစ်စိမ့်ပင်ကျေးရွာ)၊ ရုက္ခစိုးနတ်မင်းနှင့် ယှဉ်ပြိုင်သောနေရာ (ယခု ဗျိုင်းအင်းကျေးရွာ)၊ ဒေဝဒတ်ကျွဲမင်း လည်ပင်းကျသွားသောနေရာ (ယခု ကျွဲလည်ပင်းကျေးရွာ)၊ ၎င်းသေဆုံးပြီး အရိုးကျသွားသော အရိုးကုန်းရွာ (ယခု မရိုးကုန်းကျေးရွာ)တို့ ဖြစ်ကြောင်းလည်း မှတ်သားခဲ့ရသည်။

**မဟာမေခဃဏ္ဍာ ခေါင်းလောင်းတော်နှင့် ရှေးဟောင်းအုတ်လှေကားများ**

သားခိုတောင် ကုန်းတော်ပေါ်မှ ဉာဏ်တော် ၂၁ တောင်ရှိ မဟာအတုလလောကရန်အောင်စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များ ထွန်းညှိပူဇော်ကပ်လှူခဲ့သည်။ သက်တမ်း ၂၄၅ နှစ်၊ အလေးချိန်ပိဿာ ၁၀၀ ရှိ ခေါင်းလောင်းငယ်၊ သက်တမ်း ၁၁၈ နှစ်၊ အလေးချိန် ပိဿာ ၃၈၀ ရှိ ခေါင်းလောင်းကြီးတို့ကို မဟာမေခဃဏ္ဍာ မိုးကောင်းခေါင်းလောင်းတော်များဟု ခေါ်ဆိုခဲ့ကြပြီး စေတီတော်ကြီးဌာပနာတွင် မြတ်စွာဘုရား၏ အရိုးဓာတ်တော်များ ပါဝင်ကြောင်း ရေးထိုးထားပါသည်။

> ❖ သက်တမ်း ၂၄၅ နှစ်၊ အလေးချိန်ပိဿာ ၁၀၀ ရှိ ခေါင်းလောင်းငယ်၊ သက်တမ်း ၁၁၈ နှစ်၊ အလေးချိန် ပိဿာ ၃၈၀ ရှိ ခေါင်းလောင်းကြီးတို့ကို မဟာမေခဃဏ္ဍာ မိုးကောင်းခေါင်းလောင်းတော်များဟု ခေါ်ဆိုခဲ့ကြပြီး စေတီတော်ကြီးဌာပနာတွင် မြတ်စွာဘုရား၏ အရိုးဓာတ်တော်များ ပါဝင်ကြောင်းရေးထိုးထား
>
> ❖ ၎င်းပတ်ဝန်းကျင်ရှိ လယ်မြေယာမြေများမှ မြေအိုး၊ မြေပန်းကန်၊ မြေခွက်၊ မြေပုတီးစေ့၊ မြေဆေးတံများ ရခဲ့ဖူးကြောင်း၊ ရှေးယခင်က တည်ဆောက်ခဲ့သည့် ရေကျုံးပုံသဏ္ဌာန်များလည်း ကျန်နေသေးကြောင်း၊ ပက်ပိုင်းမြို့ဆိုသည်မှာ ယခုတောင်ပို့သာကျေးရွာနေရာတွင်တည်ရှိခဲ့ပြီး အိမ်ဆောက်ရန် တွင်းတူးသည့်အခါ အဆိုပါအုတ်ချပ်ကြီးများကို တွေ့ရှိရတတ်ကြောင်း ဒေသခံများကပြော



သားခိုတောင်ပေါ်ရှိ ဘုရားလောင်းကျွဲမင်းနှင့် မိခင်ကျွဲမကြီးရုပ်တု။

သားခိုတောင်တွင် ရှေးဟောင်းအုတ်ချပ်ကြီးများနှင့် တည်ဆောက်ထားသော အုတ်လှေကားများ ကျန်ရှိနေပါသေးသည်။ အုတ်ချပ်များ၏ အရွယ်အစားမှာ အလျား ၁၅ လက်မ၊ အနံ ခုနစ်လက်မမှ ရှစ်လက်မအရွယ်များ ဖြစ်ကြ၏။ သားခိုတောင်၏ တောင်ဘက် တစ်မိုင်ခန့်တွင် စအုန်းမြို့ရှိခဲ့ပြီး မြို့ရိုးပုံသဏ္ဌာန် အုတ်ချပ်များသည်လည်း အလျား ၁၅ လက်မ၊ အနံ ၇ လက်မ / ၈ လက်မ အရွယ်များဖြစ်ကြောင်း၊ ၎င်းပတ်ဝန်းကျင်ရှိ လယ်မြေယာမြေများမှ မြေအိုး၊ မြေပန်းကန်၊ မြေခွက်၊ မြေပုတီးစေ့၊ မြေဆေးတံများ ရခဲ့ဖူးကြောင်း၊ ရှေးယခင်က တည်ဆောက်ခဲ့သည့် ရေကျုံးပုံသဏ္ဌာန်များလည်း ကျန်နေသေးကြောင်း၊ သက်ကြီးစကား သက်ငယ်ကြားအနေဖြင့် လယ်ပယ်၊ ပက်ပိုင်း၊ ဘော်၊ ညောင်ကိုင်း၊ စအုန်း စသည့်မြို့များ ရှိခဲ့ဖူးကြောင်း သိရပြီး ပျူခေတ်လက်ရာများ ဖြစ်နိုင်ကြောင်းလည်း ကြားသိခဲ့ရပါသည်။ ပက်ပိုင်းမြို့ဆိုသည်မှာ ယခု တောင်ပို့သာကျေးရွာနေရာတွင် တည်ရှိခဲ့ပြီး အိမ်ဆောက်ရန်တွင်းတူးသည့်အခါ အဆိုပါအုတ်ချပ်ကြီးများကို တွေ့ရှိရတတ်ကြောင်း ဒေသခံများက ပြောကြသည်။ သားခိုတောင်၏ တောင်ခြေတွင် ရှိနေကြသော နဂါးဦးခေါင်းပုံထီးတော်နှင့် တည်ထားသည့် နဂါးခေါင်းထီးတော်စေတီ၊ မနုသီဟရုပ်တုနှင့်စေတီ၊ မြတ်ငါးဆူဘုရား၊ ကိုးနဝင်းစေတီတို့ကိုမူ အနီးကပ်ဖူးမြော်လေ့လာခြင်း မပြုရသေးပါ။ ထပ်မံဖူးမြော်ခွင့်ရမည်ဟု ယုံကြည်ထားပါသည်။

**သားခိုတောင်ဘုရားပွဲတော်**

နှစ်စဉ် ပြာသိုလပြည့်နေ့မှ အစပြု၍ လပြည့်ကျော် ၂ ရက်နေ့ထိ သုံးရက်တိုင်တိုင် ဘုရားပွဲကျင်းပပြုလုပ်ကြောင်း သိရသည်။ ရှေးယခင်ကာလက ပန်တျာကြည်လင်တို့လို ဇာတ်အဖွဲ့ကြီးများ လာရောက်ကပြကြသကဲ့သို့ တင်မောင်ဆန်းမင်းဝင်းတို့လည်း လာရောက်ကပြဖူးကြောင်း၊ တေးသံရှင် ဟသ်ာတထွန်းရင်သည်ပင်လျှင် ဇာတ်အဖွဲ့တစ်ဖွဲ့နှင့် ပါလာခဲ့ဖူးကြောင်း အမှတ်တရပြောပြကြသည်။ ဘုရားပွဲရက်ကို တွက်ကြည့်လိုက်သောအခါ လာမည့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ဖြစ်ပါလိမ့်မည်။ ဘုရားပွဲတော်ရက်မှာ ကြုံဖူးအောင် တစ်ခါတစ်ခေါက်လောက် ထပ်မံ၍ ရောက်ဖူးချင်စမ်းပါဘိ။ ။

## ကျောက်ဆည်မြို့၌ နားနှင့်အကြားအာရုံ အခြေခံစောင့်ရှောက်မှုသင်တန်းဖွင့်

ကျောက်ဆည် ဇူလိုင် ၂၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ ယမန်နေ့က နားနှင့်အကြားအာရုံ အခြေခံစောင့်ရှောက်မှု သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဌာနမှူး ဒေါက်တာရဲဝင်းနိုင်က နားလေးခြင်းနှင့် ပတ်သက်၍ ကြုံတွေ့လာနိုင်သည့် အခက်အခဲများကို ကြိုတင်သိရှိနိုင်ရန်အတွက် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်းနှင့် သင်တန်းတွင်သင်ကြားပေးသည့်အကြောင်းအရာများကို မှတ်သားနာယူပြီး မိမိအတွက် အကျိုးရှိအောင်အသုံးချသွားစေရန် ပြောကြားခဲ့ပြီး နားလေးရောဂါစီမံချက် မန်နေဂျာ၊ တောင်ကြီးဆေးတက္ကသိုလ် နား၊ နှာခေါင်း၊ လည်ချောင်းဌာနမှ ပါမောက္ခဒေါက်တာ ဝင်းထိုက်ကြည်က နားတည်ဆောက်ပုံနှင့် နားမှ အသံကြားရပုံ၊ ကလေးငယ်များတွင် နားအကြား အာရုံဖွံ့ဖြိုးခြင်းနှင့် စကားပြောတတ်လာခြင်း၊ ကလေးနားလေးရောဂါ၊ နာတာရှည် နားပြည်ယိုရောဂါ၊ နားအာရုံကြောအားနည်းနားလေးရောဂါအကြောင်းများ သင်ကြားပို့ချကြောင်း သိရသည်။



သက်မောင်(ပြန်/ဆက်)



## ခရမ်းမြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ တွေ့ဆုံပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ တွေ့ဆုံပွဲအခမ်းအနားကို ဇူလိုင် ၂၂ ရက်က ခရမ်းမြို့ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ရင်နှင့် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားကာ အမှတ် (၄)ရပ်ကွက်၊ (၅)ရပ်ကွက်နှင့် (၁၂) ရပ်ကွက်တို့တွင် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID (Unique Indentity) နံပါတ်ထုတ်ပေးခြင်း လုပ်ငန်းကို ဇူလိုင် ၂၃ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒဂုံမြို့သစ်ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မင်းနှင့် မြို့နယ်ဦးစီးမှူး ဦးညီဇော်ဌေးတို့က ကြီးကြပ်ကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

နေမျိုးအောင်(ဒဂုံတောင်)



ကျုံဒိုး-ကော့ကရိတ် လမ်းကြောင်းအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်စဉ်။



ကော့ကရိတ်-ကျုံဒိုးလမ်းကြောင်းနယ်မြေရှင်းလင်းစဉ် KNU ၊ KNLA နှင့် PDF အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်း၊ ကြိုးကြပ်ကန့်သတ်ပစ္စည်းများနှင့် Drone များ မှတ်တမ်းဓာတ်ပုံ။

❑ *ရွှေဖုံးမှ*

ထိုသို့ အာရှလမ်းမကြီးပေါ်ရှိ အဓိက အချက်အချာကျသည့် ကော့ကရိတ်မြို့နှင့် ဘားအံ-ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးအား ထိန်းချုပ်ရန်၊ နယ်စပ်ကုန်စည်စီးဆင်းမှုနှင့် အစိုးရ အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန်ရည်ရွယ်၍ **KNU ၊ KNLA နှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့များသည်** ကော့ကရိတ်မြို့နှင့် နယ်မြေခံတပ်ဌာနချုပ်များအား အပြီးအပိုင် သိမ်းပိုက်ရန်အတွက် ၂၀၂၄ ခုနှစ်၊ ဧပြီလဆန်းပိုင်းမှ စ၍ သာလွန်အင်အားများဖြင့် ကော့ကရိတ် - သင်္ကန်းညိုနောင် လမ်းဟောင်းအတိုင်း ကော့ကရိတ်မြို့ မြောက်ဘက်ရှိ ကောင်းမှူ ကျေးရွာ၊ ရန်ကုတ်ကျေးရွာနှင့် ကြောင်ရှာကုန်း ကျေးရွာတို့မှလည်းကောင်း၊ မြို့တောင်ဘက် လမ်းဖာ - အစွန်း - တမိုင်ကုန်းမှလည်းကောင်း၊ စစ်ကြောင်း ၂ ကြောင်းဖြင့် ကော့ကရိတ်မြို့အတွင်းသို့ ဝင်ရောက်နိုင်ရေး ဆောင်ရွက်ခဲ့သည့်အပြင် အဝေးမှနေ၍ လက်နက်ကြီးများဖြင့် မြို့တွင်းသို့ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းများကြောင့် ရုံး/ဌာနအဆောက်အအုံများနှင့် လူနေအိမ်များ မီးလောင်ပျက်စီးခဲ့ရပြီး ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် မိမိတို့၏ တိုက်တာအိုးအိမ် အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများကိုစွန့်ခွာ၍ ဘေးလွတ်ရာသို့ ယာယီနေရပ်စွန့်ခွာခဲ့ရသည်။



KNU ၊ KNLA နှင့် PDF အကြမ်းဖက်သမားများက ဟိန္ဒူဘုရားရှိခိုးကျောင်းအား ဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။



KNU ၊ KNLA နှင့် PDF အကြမ်းဖက်သမားများက လူနေအိမ်များအား ဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။



KNU ၊ KNLA နှင့် PDF အကြမ်းဖက်သမားများက ဖရိုဖရဲဆုတ်ခွာထွက်ပြေးစဉ် သစ်ပင်များခုတ်လှဲ၍ လမ်းပိတ်ဆို့ထားမှု မှတ်တမ်းဓာတ်ပုံ။



ကော့ကရိတ်-ကျုံဒိုးလမ်းကြောင်း နယ်မြေရှင်းလင်းစဉ် သိမ်းဆည်းရမိခဲ့သည့် KNU ၊ KNLA နှင့် PDF အကြမ်းဖက်သမားများ၏ အလောင်းများ တွေ့မြင်ရစဉ်။



ကော့ကရိတ်-ကျုံဒိုးလမ်းကြောင်း နယ်မြေရှင်းလင်းစဉ် သိမ်းဆည်းရမိခဲ့သည့် KNU ၊ KNLA နှင့် PDF အကြမ်းဖက်သမားများ၏ အလောင်းများ၊ ဆက်သွယ်ရေးမြောင်းနှင့် ဘန်ကာများအား တွေ့မြင်ရစဉ်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ကော့ကရိတ်မြို့နှင့် နယ်မြေခံ တပ်ရင်းဌာနချုပ်များ ရန်သူ့လက်သို့ ကျရောက်ခြင်းမရှိစေရေးအတွက် မိမိတို့၏ အသက်ကို ပဓာနမထားဘဲ သစ္စာ(၄)ချက် ရွတ်ဆိုကြသည့် တပ်မတော်သားကောင်းရတနာများပီပီ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ရှုပ်ရှုပ်ချုံချုံဖြင့် မြို့တွင်းခုခံစစ်မှ တန်ပြန်တိုက်စစ်ဖြင့် တိုက်ခိုက်ခဲ့ရာ ဧပြီလ ၁၉ ရက်မှ ၂၂ ရက်နေ့အထိ တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများသည် အထိအခိုက်အကျအဆုံးများစွာ ဖရိုဖရဲ ပြန်လည်ဆုတ်ခွာ ထွက်ပြေးသွားခဲ့သည်။

ထိုသို့ ဆုတ်ခွာထွက်ပြေးသွားပြီးနောက် KNU ၊ KNLA လက်နက်ကိုင် အကြမ်းဖက် သောင်းကျန်းသူများသည် NCA လက်မှတ်ရေးထိုးပြီးနောက် နှစ်ဖက်နားလည်မှုဖြင့် ခွင့်ပြုပေးထားသည့် မြန်မာ-ထိုင်း နယ်စပ်အနီး ၎င်းတို့အဖွဲ့အစည်း နေထိုင်သည့်နေရာများ၌ ပြည်တွင်းမှ နိုင်ငံရေးအရောင်ဆိုးခံရခြင်း အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ကရင်ပြည်နယ်နှင့် ထိုင်းနယ်စပ်အနီးသို့ ထွက်ပြေးရောက်ရှိလာသည့် ကျောင်းသား/လူငယ်များအားလုံးအား နိုင်ငံရေး၊ စစ်ရေး မက်လုံးများပေးလျက် သွေးကြွစေပြီး အဆိုပါလူငယ်များအား အကြမ်းဖက်သင်ခန်းစာ သင်ကြားပေးခြင်း၊ လက်နက်တပ်ဆင်ပေးခြင်း စသည့်အခွင့်အရေးများ အပြည့်အဝရယူအသုံးချကာ KNU ၊ KNLA အဖွဲ့၏ အင်အားတိုးပွားတောင့်တင်းခိုင်မာစေရေးနှင့် KNU ၊ KNLA အဖွဲ့၏ ရှေ့ကာတပ်အဖြစ် အသေခံအသုံးချခြင်း စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့များပူးပေါင်းလျက် ၎င်းတို့၏ စစ်ရေး ရည်မှန်းချက်များအား ပြန်လည်အကောင်အထည်ဖော်ရန်အတွက် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းတွင် အဓိကအချက်အချာကျသည့် ဘားအံ-ကျုံဒိုး-ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးနှင့် ကျုံဒိုးမြို့နှင့် ကော့ကရိတ်မြို့အား အပြီးအပိုင် သိမ်းပိုက်နိုင်ရေး ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၃ ရက်မှစ၍ သာလွန်အင်အားများဖြင့် လမ်းကြောင်း ၅ ကြောင်းဖြစ်သည့် **အောက်ဘိုတဲ - ရန်ကုတ် - ကော့ကရိတ်လမ်းကြောင်း၊ အောက်ဘိုတဲ - မြပတိုင် - အုန်းတပင် - အင်းကြီး - ကျုံဒိုး လမ်းကြောင်း၊ မိကလုံ - နောင်တမံ - တာဝါလဲ - နွားခြံကုန်း-ကျုံဒိုးလမ်းကြောင်း၊ တောင်ကြာအင်း - မြောက်ကြာအင်း- ကိုးတိုင်- ငါးတိုင်- လေးတိုင် လမ်းကြောင်း၊ စက္ကဝက် - အောင်လှိုင် - တမိုင်ကုန်း - ကော့ကရိတ်လမ်းကြောင်းများဖြင့်** ထပ်မံ

*စာမျက်နှာ ၁၃ သို့*

# မုံရွာမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များမှ သက်တော်ရှည်ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

**မုံရွာ ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရှိ ဘုန်းတော်ကြီး ကျောင်းတိုက်များမှ သက်တော်ရှည် ဆရာတော်ကြီးများနှင့် ဆရာတော်၊ သံဃာတော်များ ဝါတွင်းကာလအတွင်း ဆွမ်းကွမ်းအခက်အခဲမရှိစေရေး တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲများကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ရုံးကြီးရပ်ကွက်ရှိ အရှေ့လေးထပ်ကျောင်းတိုက်၊ မြို့မဂါတ်ကျောင်းတိုက်နှင့် မြဝတီရပ်ကွက်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်တို့၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်းပွဲများသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီး များနှင့် ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ ကျောင်းတိုက်အလိုက် ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ (၂/၂၀၂၅) နှင့် တိုင်းဒေသ ကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ (၁/၂၀၂၅) အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



*စာမျက်နှာ ၁၂ မှ*

ဝင်ရောက်လာပြီး ကျုံဒိုး – ကော့ကရိတ်–မြဝတီ အာရှလမ်းမကြီးအား ပိတ်ဆို့ပြီး ကျုံဒိုးမြို့နှင့် ကော့ကရိတ်မြို့တို့အား အပြင်းအထန်တိုက်ခိုက်လာခဲ့သည်။ ထိုသို့ ပိတ်ဆို့ တိုက်ခိုက်မှုများကြောင့် ဒေသတွင်း ကုန်စည်စီးဆင်းမှု ရပ်တန့်သွားခဲ့ပြီး အဆိုပါဒေသရှိ ဒေသခံတိုင်းရင်းသား ပြည်သူများသည် ကုန်ဈေးနှုန်း ကြီးမြင့်မှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရကာ နေထိုင်စားသောက်ရေးတို့တွင် များစွာ အခက်အခဲဖြစ်ပေါ်ခဲ့ကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများ နိမ့်ကျခဲ့ရကြောင်း သိရှိရသည်။

ထိုသို့ **KNU ၊ KNLA နှင့် PDF အကြမ်းဖက် ပူးပေါင်းအဖွဲ့များ** နှောင့်ယှက် ပိတ်ဆို့ထားသည့် လမ်းကြောင်းများအား ပြန်လည် ဖွင့်လှစ်နိုင်ရေးနှင့် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲသွားလာနိုင်ရေးအတွက် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၃ ရက်မှစ၍ တပ်မတော် စစ်ကြောင်းများက တပ်မတော်၏အစဉ်အလာကောင်းများနှင့်အညီ လေ့ခွက်ချည်းကျန် အလံမလဲသည့် စိတ်ဓာတ်၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်၊ တစ်ဗိုလ်ကျ တစ်ဗိုလ်တက် စိတ်ဓာတ်တို့ဖြင့် ကျုံဒိုး–ကော့ကရိတ်ကြားတွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသည့်အကြမ်းဖက်သောင်းကျန်းသူများကို ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်းခဲ့ရာ စစ်ဆင်ရေးကာလ ၃ လကျော်အတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး ၇ ကြိမ်၊ ထိတွေ့တိုက်ပွဲ ၈၅ ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူခေါင်းဆောင်ပိုင်းအချို့ ပြင်းထန်စွာ ဒဏ်ရာရရှိခြင်းအပါအဝင် ရန်သူထံမှ အလောင်း ၁၇ လောင်း၊ လက်နက်မျိုးစုံ ၃၀ လက်နှင့် ဆက်စပ်ပစ္စည်းများအား သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်သားအချို့ ထိခိုက်ကျဆုံးခဲ့ပြီး ယနေ့ဇူလိုင်လ ၂၄ ရက်တွင် ကျုံဒိုး–ကော့ကရိတ် လမ်းကြောင်းတစ်လျှောက်အား ပြန်လည်ထိန်းချုပ် ဖွင့်လှစ်နိုင်ခဲ့ကာ ၎င်းတို့၏စစ်ရေးရည်မှန်းချက်ကို တပ်မတော်က အပြီးတိုင် ရိုက်ချိုးနိုင်ခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဖရိုဖရဲဖြင့် ဆုတ်ခွာထွက်ပြေးစဉ် ဆောင်ရွက်နေကျဖြစ်သည့် အဖျက်အမှောင့်လုပ်ငန်းများအား နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့ပြီး မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ကားလမ်းများပေါ်၌ သစ်ပင်သစ်ကိုင်းများဖြင့် ကန့်လန့်ဖြတ်ပိတ်ဆို့ခြင်း၊ ကျုံဒိုးမြို့နှင့် ကော့ကရိတ်မြို့ကြားရှိ ညီညာသာလင်းတံတားနှင့် ၅ တိုင်တံတားအပါအဝင် အခြားလမ်း၊ တံတားများအား မိုင်းခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရသည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက အဆိုပါလမ်းမကြီးတစ်လျှောက်တွင် ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများ၊ ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များ၊ ခရီးသွားမော်တော်ယာဉ်များ ဘေးကင်းစွာဖြင့် ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ရေး၊ အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် လမ်း၊ တံတားများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မြဝတီမှတစ်ဆင့် အာရှလမ်းမကြီး ပုံမှန်ပြန်လည်ဖွင့်လှစ်နိုင်ရေး ကျန်ရှိနေသည့် လမ်းပိုင်းအချို့အား အမြန်ဆုံး ဆက်လက်ရှင်းလင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရပြီး ကျုံဒိုး–ကော့ကရိတ်မြို့များ၏ ဒုတိယအကြိမ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်ဝန်းကျင်ကျေးရွာများအား တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်ရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကိုလည်း တစ်ပြိုင်တည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**သတင်းစဉ်**



KNU ၊ KNLA နှင့် PDF အကြမ်းဖက်သမားများက ဖရိုဖရဲဖြင့် ဆုတ်ခွာထွက်ပြေးစဉ် ညီညာသာလင်းတံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။



KNU ၊ KNLA နှင့် PDF အကြမ်းဖက်သမားများက ဖရိုဖရဲဖြင့် ဆုတ်ခွာထွက်ပြေးစဉ် ကျုံဒိုး–ကော့ကရိတ် လမ်းကြောင်းပေါ်၌ သစ်ပင်၊ သစ်ကိုင်းများဖြင့် ပိတ်ဆို့ထားရှိမှုများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းနေမှု မှတ်တမ်းဓာတ်ပုံ။



KNU ၊ KNLA နှင့် PDF အကြမ်းဖက်သမားများ ဖရိုဖရဲဆုတ်ခွာထွက်ပြေးစဉ် ကျုံဒိုး–ကော့ကရိတ် လမ်းကြောင်းပေါ်ရှိ ၅ တိုင်တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



KNU၊ KNLA နှင့် PDF အကြမ်းဖက်သမားများ ဖရိုဖရဲဆုတ်ခွာထွက်ပြေးစဉ် ကျုံဒိုး–ကော့ကရိတ် လမ်းကြောင်းပေါ်ရှိ ၅ တိုင်တံတားဘေးရှောင်ကွင်းလမ်း အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



KNU ၊ KNLA နှင့် PDF အကြမ်းဖက်သမားများက ဖရိုဖရဲဆုတ်ခွာထွက်ပြေးစဉ်ညီညာသာလင်းတံတားအား မိုင်းထောင်ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



KNU၊ KNLA နှင့် PDF အကြမ်းဖက်သမားများက ကျုံဒိုး–ကော့ကရိတ် လမ်းကြောင်းတွင် ပိတ်ဆို့နေရာယူထားမှု မှတ်တမ်းဓာတ်ပုံ။



KNU ၊ KNLA နှင့် PDF အကြမ်းဖက်သမားများက လူနေအိမ်များအောက်တွင် ခံစစ်ပြင်ဆင်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။

❊ *ကျောဖုံးမှ*

ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ စပိန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲကစားချိန် ၁၁၃ မိနစ်တွင် ဘွန်မာတီက သွင်းယူပေးခဲ့သည်။ အဆိုပါပွဲစဉ်မှာ သာမန်ပွဲကစားချိန်အတွင်း ဂိုးမရှိ သရေကျနေ၍ အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ ဂျာမနီအသင်းသည် အချိန်ပိုတွင် ခွင့်ပြုပေးခဲ့ရသော သွင်းဂိုးကြောင့် ဗိုလ်လုပွဲ တက်လှမ်းခွင့်လွဲချော်ခဲ့သည်။

ဂျာမနီကို အကြိတ်အနယ်ကစားကာ အနိုင်ယူကျော်ဖြတ်နိုင်ခဲ့သော စပိန်အသင်းသည် အမျိုးသမီးယူရို ပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲအဖြစ် လာမည့် ဇူလိုင် ၂၇ ရက်တွင် အင်္ဂလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

❑ *ကျောဖုံးမှ*

ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား မိုင်းဆတ်မြို့နယ်၊ ဝမ်တုံကျေးရွာမှ မိုင်းတုံမြို့နယ်၊ မဲကင်းကျေးရွာအနီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# အင်ဒိုနီးရှားနိုင်ငံ၌ လာမည့်နှစ်တွင် ကြိုးတံတား ၆၃ စင်းတည်ဆောက်ရန် အမေရိကန်ဒေါ်လာ ၃၈ သန်းခွဲဝေချထားမည်

ဂျကာတာ ဇူလိုင် ၂၄

အင်ဒိုနီးရှားအစိုးရသည် ၂၀၂၆ ခုနှစ်တွင် ကြိုးတံတား ၆၃ စင်း တည်ဆောက်ရန် အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၆၉ သန်းခန့် ခွဲဝေချထားရန်စီစဉ်နေပြီး ကျေးလက်ဒေသများ၊ ဝေးလံခေါင်သီသော ဒေသများနှင့် စီးပွားရေးအချက်အချာကျသည့် နေရာများအကြား ချိတ်ဆက်မှုတိုးတက်စေရေးအတွက် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ရန် စီစဉ်နေကြောင်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဝန်ကြီးဌာနက ဇူလိုင် ၂၄ ရက်တွင် ထုတ်ပြန်သည်။

ကြိုးတံတားများကို ဝေးလံခေါင်သီပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသများတွင် နေထိုင်ကြသည့် ကျေးလက်နေပြည်သူများအတွက် သွားလာရလွယ်ကူစေရေး အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဝန်ကြီး ဒိုဒီဟန်ဂိုဒိုက ပြောကြားသည်။

ထို့ပြင် အဆိုပါတံတားများသည် ပြည်သူများ၏ နေ့စဉ်လုပ်ငန်းဆောင်တာများဖြစ်သည့် စီးပွားရေး၊ ပညာရေးနှင့် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများကို မြန်ဆန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုနှစ်အတွင်း ဝန်ကြီးဌာနမှ တောင်ဆူလာဝေစီဒေသတွင် ဆောက်လုပ်ဆဲ တံတားရှစ်စင်းအပါအဝင် ကြိုးတံတားအစင်း ၅၀ ကို ပြီးစီးအောင် တည်ဆောက်ရန်ရည်မှန်းထားကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

ဆင်ဟွာ



# ဈေးကွက်ဝယ်လိုအားကောင်းနေသည့်အတွက် တိုယိုတာက အင်ဒိုနီးရှားနိုင်ငံ၌ လျှပ်စစ်ကားများထုတ်လုပ်မည်

ဂျကာတာ ဇူလိုင် ၂၄

တိုယိုတာကုမ္ပဏီသည် ယခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် အရှေ့တောင်အာရှ၌ လျှပ်စစ်ကားများ စတင်ထုတ်လုပ်မည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံရှိ ၎င်း၏ စက်ရုံတွင် လျှပ်စစ်ကားများ ထုတ်လုပ်မည့် လှုပ်ရှားမှုသည် ဒေသတွင်း လျှပ်စစ်ကားဈေးကွက်ဝယ်လိုအား ကောင်းလာချိန် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ တိုယိုတာကုမ္ပဏီ သည် ဒီဇင်ဘာလမှ စတင်က ဂျကာတာမြို့ဆင်ခြေဖုံးရှိ ၎င်း၏စက်ရုံတွင် အက်စ်ယူဗွီလျှပ်စစ်ကားများ ထုတ်လုပ်ရန် စီစဉ်ထားကြောင်း ဇူလိုင် ၂၃ ရက်တွင် ပြောသည်။




ပြည်တွင်း၌ လျှပ်စစ်ကားများ ထုတ်လုပ်ရန် ကုမ္ပဏီ၏ ဆုံးဖြတ်ချက်သည် မော်တော်ယာဉ်များကို လူကြိုက်များလာစေရန် အင်ဒိုနီးရှားအစိုးရ၏ ကြိုးပမ်းမှု တစ်ရပ်လည်း ဖြစ်နိုင်သည်။ တိုယိုတာကုမ္ပဏီသည် လျှပ်စစ်ကား၊ ဟိုက်ဘရစ်ကားများအပါအဝင် ကားအမျိုးအစားများစွာကို ပံ့ပိုးပေးနိုင်ရန် အလေးပေးထားသည်။ တိုယိုတာကုမ္ပဏီသည် ဒေသတွင်း ကြီးမားသည့် ယှဉ်ပြိုင်မှုများနှင့် ရင်ဆိုင်နေရသည်။ ဂျပန်ကား ထုတ်လုပ်သူများသည် နိုင်ငံတွင်းနှင့် အခြားသော အရှေ့တောင်အာရှ နိုင်ငံများတွင် မြင့်မားသောဈေးကွက်ဝေစုများကို ရရှိထားကြသည်။

အင်န်အိတ်ချ်ကေ

# ထိုင်းနှင့်ကမ္ဘောဒီးယားတို့ နှစ်နိုင်ငံနယ်စပ်တွင် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွား

ဗန်ကောက် ဇူလိုင် ၂၄

ထိုင်းနှင့် ကမ္ဘောဒီးယားတပ်ဖွဲ့တို့အကြား နှစ်နိုင်ငံနယ်စပ်ဒေသရှိ ဘုရားကျောင်းအနီးတွင် ဇူလိုင် ၂၄ ရက်က အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြသည်။

အဆိုပါ ပစ်ခတ်မှုဖြစ်ပွားပြီးနောက် နယ်စပ်တစ်လျှောက် နေရာအတော်များများတွင် ပစ်ခတ်မှုများဆက်လက်ဖြစ်ပွားနေကြောင်း၊ အက်ဖ် ၁၆ တိုက်လေယာဉ်များ တပ်ဖြန့်ချထားပြီး ကမ္ဘောဒီးယား စစ်ဘက်ပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြောင်း ထိုင်းတပ်မတော်က ပြောကြားသည်။

ကမ္ဘောဒီးယားအစိုးရက ၎င်းတို့တပ်ဖွဲ့ဝင်များသည် မိမိကိုယ်ကိုယ် ကာကွယ်ရန်အတွက် ပြန်လည်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြခြင်း မရှိချေ။

မေလအတွင်းက အဆိုပါဘုရားကျောင်းဧရိယာတွင် နှစ်နိုင်ငံပစ်ခတ်မှုဖြစ်ပွားခဲ့မှုကြောင့် ကမ္ဘောဒီးယားတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။ ယခုလအစောပိုင်းကလည်း နယ်စပ်အနီးမြေမြုပ်မိုင်းများကြောင့် ထိုင်းတပ်ဖွဲ့ဝင်အချို့ ဒဏ်ရာရရှိခဲ့သည်ဟု ထိုင်းနိုင်ငံဘက်က ပြောသည်။

အင်န်အိတ်ချ်ကေ

# လာမည့်သီတင်းပတ်များအတွင်း အိုင်အေအီးအေ နည်းပညာအဖွဲ့လာရောက်ရန် အီရန်သဘောတူ

ဂျီနီဗာ ဇူလိုင် ၂၄

အီရန်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီမှ နည်းပညာအဖွဲ့တစ်ဖွဲ့ကိုလက်ခံရန် သဘောတူသည်ဟု ဇူလိုင် ၂၃ ရက်တွင် အီရန်နိုင်ငံ၏ တရားရေးနှင့် နိုင်ငံတကာရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာဇမ်ဂါရိဘာဘာဒီက ပြောသည်။

အိုင်အေအီးအေမှ နည်းပညာဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ အီရန်နိုင်ငံသို့ လာရောက်မှုသည် နှစ်ပတ်မှ သုံးပတ်အတွင်းဖြစ်မည်ဟု ၎င်းက သတင်းထောက်များကို ပြောကြားခဲ့သည်။

## နည်းစနစ်များကိုဆွေးနွေးရန်အတွက်သာ လာရောက်မည်

အီရန်နိုင်ငံ၏ အဏုမြူစွမ်းအင်အဖွဲ့သည် ပျက်စီးဆုံးရှုံးမှုများကို အကဲဖြတ်နေပြီး အိုင်အေအီးအေကိုယ်စားလှယ်အဖွဲ့သည် နျူကလီးယားဆိုဒ်များသို့သွားရောက်မည်မဟုတ်ဘဲ နည်းစနစ်များကိုဆွေးနွေးရန်အတွက်သာ လာရောက်မည်ဖြစ်သည်ဟု ၎င်းကဆက်ပြောသည်။ အကယ်၍ အမေရိကန်နှင့် အီရန်ကြား ညှိနှိုင်းမှုအသစ်ပြုလုပ်ပါက သွယ်ဝိုက်သောနည်းလမ်းဖြင့်သာ ဆွေးနွေးပွဲလုပ်ဆောင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ဆင်ဟွာ

# ပါကစ္စတန်၌ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ၂၅၆ ဦးသေဆုံးပြီး ၆၁၆ ဦး ဒဏ်ရာရ

အစ္စလာမ္မာဘတ် ဇူလိုင် ၂၄

ပါကစ္စတန်နိုင်ငံတစ်ဝန်း ဇွန် ၂၆ ရက်မှစတင်သည့် မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူ ၂၅၆ ဦး သေဆုံးပြီး ၆၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က ဇူလိုင် ၂၄ ရက်တွင် ထုတ်ပြန်သည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း လေးဦးထပ်မံသေဆုံးပြီး အခြား ငါးဦးထိခိုက်ခဲ့ကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က ဆိုသည်။ သေဆုံးသူများအနက် ကလေး ၁၂၃ ဦး၊ အမျိုးသား ၈၇ ဦး၊ အမျိုးသမီး ၄၆ ဦး ရှိကြောင်း၊ ဒဏ်ရာရရှိသူများတွင် အမျိုးသား ၂၄၃ ဦး၊ ကလေး ၂၀၃ ဦး၊ အမျိုးသမီး ၁၇၀ ပါဝင်ကြောင်း အဆိုပါအဖွဲ့က ထုတ်ပြန်ထားသည်။

အရှေ့ပိုင်းပြည်နယ် ပန်ဂျပ်တွင်သေဆုံးသူ ၁၃၉ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၄၇၇ ဦးရှိပြီး အနောက်မြောက်ပိုင်း ခိုင်ဘာပတ်တွန်ခွာပြည်နယ်တွင် ၆၃ ဦး သေဆုံးကာ ၇၉ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

အလားတူ မြို့တော် အစ္စလာမ္မာဘတ် အနီးတစ်ဝိုက်တွင် သေဆုံးသူ ခြောက်ဦးနှင့် သုံးဦး ထိခိုက်မှုရှိခဲ့သည်။ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့၏ အဆိုအရ ဇွန် ၂၆ ရက် မိုးရာသီစတင်ချိန်မှစကာ နေအိမ် ၁၀၂၇ လုံးထိခိုက်ပျက်စီးခဲ့ပြီး ကျွဲနွား ၃၆၄ ကောင် သေဆုံးခဲ့ပြီးဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

ပန်ဂျပ်ပြည်နယ်တွင် ဇူလိုင် ၂၅ ရက် ညပိုင်းအထိ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်သဖြင့် ဒေသအစိုးရအဖွဲ့ဌာနဆိုင်ရာများက အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေကြောင်း ထုတ်ပြန်ထားသည်။

ဆင်ဟွာ




# အာဖဂန်နစ္စတန်နိုင်ငံ၌ တရားမဝင်မူးယစ်ဆေးဝါး ၁၀၀၀ ကီလိုဂရမ် သိမ်းဆည်းရမိ

ကဘူးလ် ဇူလိုင် ၂၄

အာဖဂန်လုံခြုံရေးတပ်ဖွဲ့သည် အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဇာဘူးလ်ပြည်နယ်၌ မူးယစ်ဆေးဝါးမှောင်ခိုကူးသည်ဟုစွပ်စွဲချက်ဖြင့် လူနှစ်ဦးကို ဖမ်းဆီးခဲ့ပြီး တရားမဝင်မူးယစ်ဆေးဝါး ၁၀၀၀ ကီလိုဂရမ်ကို သိမ်းဆည်းရမိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဇူလိုင် ၂၄ ရက် ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ရှာရ်ဂျိုင်ခရိုင်၌ မူးယစ်ဆေးဝါး နှိမ်နင်းရေးလုပ်ငန်းလုပ်ဆောင်ရာ ထရပ်ကားတစ်စီးအတွင်း ဝှက်ထားသည့် ဘိန်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့်ဆက်နွယ်ပြီး အဆိုပါနှစ်ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

# နောင်ချိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်လက်ခံခြင်းနှင့် ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပြီး ပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၂၂ ရက်မှစတင်၍ကျောင်းအပ်လက်ခံပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ကျောင်းသား ကျောင်းသူ ၃၀ လာရောက်ကျောင်းအပ်နှံကြပြီး**(ယာပုံ)**ကျောင်းအပ်နှံမှု အဆင်ပြေချောမွေ့စေရန်အတွက် တပ်မတော်သားများ၊ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ဒေသခံမိဘပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြသည်။ အဆိုပါ ကျောင်းအပ်နှံရေးနေ့ကို ဇူလိုင် ၂၂ ရက်မှ ယနေ့အထိ သတ်မှတ်ထားပြီး ယနေ့အထိ ကျောင်းသား ကျောင်းသူ ၄၅၆ ဦး လာရောက်အပ်နှံထားကြောင်း သိရသည်။ ထိုသို့ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ၊ သန့်ရှင်းသပ်ရပ်စွာနှင့် လုံခြုံစွာ ပညာသင်ကြားနိုင်ရေးအတွက် တပ်မတော်သားများက လိုအပ်သည့် မိုင်းရှင်းလင်းရေး၊ လုံခြုံရေးနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးထားခဲ့ခြင်းဖြစ်သည်။





နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူ ၁၂၁ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးကြသည်။**(ဝဲပုံ)**

ထို့ပြင် နောင်ချိုမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီး အချိန်မီပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများက ဆေးရုံပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများ တူးဖော်ဆယ်တင်ပေးခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နောင်ချိုမြို့ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်

**နေပြည်တော် ဇူလိုင် ၂၄**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operat–ion) ဆောင်ရွက်ကာ ပြန်လည်ထိန်းချုပ်ထားသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ ပညာရေးကဏ္ဍတွင် နစ်နာဆုံးရှုံးမှုများ မဖြစ်စေရန်အတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပြီး ပညာသင်ကြားပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းတက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများနှင့် ပညာသင်ကြားပေးကြမည့် ဆရာ ဆရာမများအား နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် နောင်ချိုမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ တပ်မတော်မှ တာဝန်ရှိသူများ၊ ကျောက်မဲခရိုင် အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်မှူးကြီး မြင့်ဟိန်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သည့်ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ် ၁၈၀၀၀၀၊ ခဲတံ ဒါဇင် ၃၈၆၀၊ ဘောပင် အချောင်း ၃၀၀၀ နှင့် ကျောင်းဝတ်စုံ ၂၀၀ တို့ကိုလည်းကောင်း၊ ဆရာ ဆရာမများအတွက် တပ်မတော်က ချီးမြှင့်ပေးအပ်သည့် ကျောင်းဝတ်စုံ ၁၇၆ စုံတို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ရာ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက လက်ခံရယူကြသည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် အတန်းပညာတတ်မြောက်မှုသာ အတတ်ပညာကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်သောကြောင့် ပညာရေးကဏ္ဍ၏ အခြေခံအကျဆုံးဖြစ်သည့် အခြေခံပညာ ကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနိုင်ရန်နှင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ



၁



၂





ယာယီထိန်းချုပ်ခဲ့သည့် နောင်ချိုမြို့မှ ကျောင်းသား ကျောင်းသူများသည်လည်း အခြားအေးချမ်းသည့် ဒေသများရှိကျောင်းသား ကျောင်းသူများနည်းတူ အေးချမ်းစွာ ပညာ သင်ကြားနိုင်ရေးအတွက် တပ်မတော်၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထုတို့ပူးပေါင်း၍ အလေးပေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးနေမှုများနှင့်ပတ်သက်၍ ဆရာ ဆရာမများနှင့် ကျောင်းသားမိဘများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်–

**၁။ ဆရာမ**

ကျောင်းသား ကျောင်းသူတွေအတွက် ပညာရေးဝန်ကြီးဌာနကနေပြီးတော့ ကျောင်းဝတ်စုံတွေ၊ ကျောင်းသုံး ဗလာစာအုပ်တွေ၊ ပုံနှိပ်စာအုပ်တွေ၊ သင်ထောက်ကူပစ္စည်းတွေ ထောက်ပံ့ပြီးတော့ မြန်မာ့တပ်မတော်ကလည်း ဆရာ ဆရာမတွေအတွက် တိုက်ပုံအင်္ကျီနဲ့ အဖြူအစိမ်းကျောင်းဝတ်စုံများကို ထောက်ပံ့ပေးပါတယ်။ ၁၉ ရက်နေ့မှာ ကျွန်မတို့ နောင်ချိုမြို့ထဲကို ပြန်ဝင်လာပြီးတဲ့အခါမှာ ကျောင်းတွေကို လှည့်လည်ပြီး ကြည့်ရှုပါတယ်။ အထက(၁) ကို ဦးစားပေးအနေနဲ့ ဖွင့်ဖို့အတွက် ၂၀ ရက်နေ့မှာ တပ်မတော်ရဲ့ အကူအညီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဌာန၊ အခြားဌာနဆိုင်ရာ ဝန်ထမ်းတွေရဲ့အကူအညီနဲ့ သန့်ရှင်းရေးကို ဆောင်ရွက်ခဲ့ပါတယ်။ လူထုတွေ့ဆုံပွဲတွေ ဆောင်ရွက်ခဲ့ပြီးတော့ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ဖို့အတွက် အသိပညာတွေ ပေးခဲ့ပါတယ်။ အသိပညာတွေ ပေးပြီးတဲ့အခါမှာ ၂၂ ရက်နေ့မှာ ကျောင်းသားတွေကို စတင်ပြီးတော့ ကျောင်းအပ်လက်ခံခဲ့ပါတယ်။ တစ်မြို့လုံးမှာရှိတဲ့ ကျောင်းပေါင်း ၉ ကျောင်းက ကျောင်းသားတွေလည်း အထက(၁)မှာပဲ ပထမဆုံး ကျောင်းအပ်လက်ခံခဲ့ပြီးတော့ ဦးစားပေးအနေနဲ့ ဖွင့်လှစ်ဖို့အတွက် အကြီးအကဲတွေက စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ အခုလိုမျိုး မြန်မာ့တပ်မတော်က ပြန်လည်ထိန်းချုပ်ပြီး အေးချမ်းသွားတဲ့အချိန်မှာ ကျွန်မတို့ပြန်လည်ဝင်ရောက်လာပါတယ်။ ကျွန်မတို့ရဲ့ မိဘတွေ၊ ကျောင်းသား ကျောင်းသူတွေကို မြင်တွေ့ရတဲ့အခါမှာ အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျောင်းဖွင့်ပေးတဲ့အချိန်မှာ ကြီးကြပ်ကူညီပေးတဲ့ မြန်မာ့တပ်မတော်နဲ့ ဌာနဆိုင်ရာအဖွဲ့တွေရဲ့ဦးဆောင်မှုနဲ့ ဒီကျောင်းကြီးကို ပြန်လည်ဖွင့်လှစ်နိုင်တဲ့အတွက် ကျွန်မအနေနဲ့ အတိုင်းမသိ ဝမ်းသာကြည်နူးရပါတယ်။

**၂။ ကျောင်းသားမိဘ**

အခုလို ကျောင်းတွေပြန်ဖွင့်တော့ ကျွန်မတို့ ကျောင်းသားမိဘတွေလည်း အတိုင်းမသိ ဝမ်းသာရပါတယ်။ စာအုပ်တွေ၊ ခဲတံတွေ၊ ကျောင်းဝတ်စုံတွေ ပေးတော့ ကျွန်မတို့ကျောင်းသား မိဘတွေအတွက် အများကြီးအဆင်ပြေတဲ့အတွက်ကြောင့် အကြီးအကဲတွေကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။

**သတင်းစဉ်**

နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ

## အထက(ထန်းမနိုင်)ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှား ဆောင်ရွက်

**ကော့မှူး ဇူလိုင် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ထန်းမနိုင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (ထန်းမနိုင်)ကျောင်း၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် ဟောပြောပွဲများနှင့် ပြိုင်ပွဲများကို ယမန်နေ့က အထက(ထန်းမနိုင်)ကျောင်း၌ ကျင်းပသည်။



ဦးစွာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးမြင့်ဦးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်နုနုကြည်တို့က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားကာ မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင်က စာပေ၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် ဟောပြောသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသားကျောင်းသူများက ခေါင်းစဉ်အသီးသီးဖြင့် ဆွေးနွေးသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဂိမ်းကစားပြိုင်ပွဲများ ဆက်လက်ကျင်းပရာ မူလတန်းအဆင့်၊ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူလေးများ ဝင်ရောက် ယှဉ်ပြိုင်ကြသည်။ ဆက်လက်၍ လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူများနှင့် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို ဆုများပေးအပ်ခဲ့သည်။

**ကျော်သူရ**



## လမ်းမတော်မြို့နယ်၌ သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေး ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၂၄**

လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်ဝင်းအတွင်းရှိ ဘုန်းကြီးကျောင်း ၆၆ ကျောင်းအား ဇူလိုင် ၂၃ ရက်က သွေးလွန်တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေး ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း ပြုလုပ်ကြသည်။

အဆိုပါ ဆောင်ရွက်မှုလုပ်ငန်းတွင် ဒုတိယတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာသက်စုမွန်၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးသီတာဝင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနီနီအေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

## သာစည်မြို့၌ သဘာဝဘေးအန္တရာယ် အသိပညာပေး Talk Show ကျင်းပ

**သာစည် ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့၌ သဘာဝဘေးကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေးအတွက် ငလျင်ဘေး/ရေဘေးအန္တရာယ်နှင့်ပတ်သက်၍ ဆောင်ရန် ရှောင်ရန်အချက်များ အသိပညာပေး Talk Show ကို ဇူလိုင် ၂၂ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါ အသိပညာပေး Talk Show တွင် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးစိုးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သင်းသင်းတို့က ငလျင်ဘေးအတွက် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ ငလျင်လှုပ်နေစဉ်တွင် လိုက်နာရန်အချက်များ၊ ငလျင်လှုပ်နေစဉ်တွင် ရှောင်ရှားသင့်သည့်အချက်များ၊ ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များနှင့် ရေဘေးအတွက် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ ရေကြီးခြင်းသတိပေးချက်ရရှိလျှင် ဆောင်ရွက်ရန်များ၊ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် လိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များ၊ ရေကြီးပြီးနောက် လိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များကို ဆွေးနွေးပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**






## ပေါင်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး

**ပေါင် ဇူလိုင် ၂၄**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ယမန်နေ့က မွန်ပြည်နယ်အခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဂျွန်စိန်ဂီ ဦးဆောင်၍ ပေါင်မြို့နယ်အခွန်ဦးစီးဌာနမှူးနှင့် မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့တို့ ပူးပေါင်းကာ မြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်သော ဆိုင်များတွင် "နိုင်ငံကြီးသား ပီသစွာ ဤဆိုင်တွင်အခွန်ဆောင်ပါ"ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ချိတ်ဆွဲထားမှုအခြေအနေနှင့် အခွန်အမှတ်တံဆိပ်ကပ်နှိပ်မှုအခြေအနေကို ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

## မန္တလေးမြို့အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး



**မန္တလေး ဇူလိုင် ၂၄**

မန္တလေးမြို့အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ချမ်းအေးသာစံမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြန်မာ့စီးပွားရေးဘဏ်(၁) မန်နေဂျာနှင့် ဝန်ထမ်းများပူးပေါင်း၍ ယနေ့နံနက်ပိုင်းက မန္တလေးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ် (၁) ၌ UID ကတ်များ ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင် (ပြန်၊ဆက်)**

## ကမ်းဝေး၊ ကမ်းနီးငါးဖမ်းရေယာဉ်များ ရာသီဥတုခိုလှုံရာနေရာ သတ်မှတ်ခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၁၄-၅-၂၀၂၅)ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၅ ဖြင့် ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လေပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကိုအကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ ပုစွန် ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ဝေါမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားပင်စင်စားများအား UID(ခေါ်) Smart Card အခမဲ့ပြုလုပ်ပေး

**ဝေါ ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက UID (ခေါ်) Smard Card ကို ယနေ့နံနက်ပိုင်းက မြန်မာ့စီးပွားရေးဘဏ်၌ ဆက်လက်ပြုလုပ်ပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးစိုင်းဝေယံဦး ဦးဆောင်၍ ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ပင်စင်စားများအား ဘဏ်သို့ပင်စင် လာရောက်ထုတ်ယူရာတွင် UID (ခေါ်) Smard Card ကို အလွယ်တကူရရှိနိုင်ရေး လစဉ်ပင်စင်လစာ ထုတ်ရက်များဖြစ်သည့်



၂၁ ရက်မှ ၂၅ ရက်အထိ လစဉ်လတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**အာကာကျော်(ပြန်/ဆက်)**



## နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID ဆောင်ရွက်ပေး

**ရန်ကုန် ဇူလိုင် ၂၄**

ကျောက်တံတားမြို့နယ် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၃)၌ ပင်စင် လာရောက်ထုတ်ယူလျက်ရှိသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID ဆောင်ရွက်ပေးခြင်းကို ဇူလိုင် ၂၄ ရက်က ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများကို မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၃) မန်နေဂျာဦးမျိုးအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးဦးအောင်သန်းလှိုင် ဦးဆောင်၍ ဝန်ထမ်းများက Biometric (UID) စနစ်ဖြင့် Smart Card မပြုလုပ်ရသေးသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ Biometric အချက်အလက်များ စိစစ်ကောက်ယူခြင်း၊ ကိုယ်ရေးအချက်အလက်များ ထည့်သွင်းခြင်းတို့ပြုလုပ်ကာ UID နံပါတ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## ပြည်ကြီးတံခွန်မြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား Biometric (UID) ကတ် ပြုလုပ်ပေး

**မန္တလေး ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီး



တံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် ၇၈ လမ်း (ရန်မန်းလမ်းဟောင်း) နှင့် တံခွန်တိုင်အဝိုင်းအနီးရှိ မျိုးသိမ်းဓမ္မာရုံ၌ ယနေ့နံနက်ပိုင်းက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်မှူး ဦးအောင်သွင်ဦးစီး၍ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်သူရထွန်းနှင့်အဖွဲ့တို့က နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား Biometric (UID) ကတ် ပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမင်းထွန်း၊ အဖွဲ့ဝင် (၁) ဗိုလ်မှူး ဝင်းအောင်မျိုး၊ အဖွဲ့ဝင် (၂) ဦးသောင်းနိုင်၊ ဒုရဲမှူး ဆန်းဦးတို့ တက်ရောက်ခဲ့ပြီး မြို့နယ် လဝက ဦးစီးမှူး ဦးအောင်သွင်က Biometric (UID) ပြုလုပ်ပုံအဆင့်ဆင့်အား ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**၂၂၂**



## ရွှေတောင်မြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပေး

**ရွှေတောင် ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးသန်းထူးနှင့် ဝန်ထမ်းများသည် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ပင်စင်ဘဏ်ထုတ်ရာတွင် ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်ရန်၊ UID နံပါတ်များထုတ်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် လူဝင်မှုကြီးကြပ်ရေးမှူး ဦးဝင်းထက်သွင်နှင့် ဝန်ထမ်းများက မြန်မာ့စီးပွားရေးဘဏ်တွင်ပင်စင်စားဘိုးဘွားများအား Biometric Date UID များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကိုကိုမင်း (ပြန်/ဆက်)**

## ရွှေကျင်မြို့၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား (UID) စနစ်ဖြင့် Smart Card များ ကွင်းဆင်းဆောင်ရွက်ပေး

**ရွှေကျင် ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့၌ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးမှ (UID) Unique Identity စနစ်ဖြင့် Smart Card များ ဆောင်ရွက်ပေးခြင်းကို မြန်မာ့စီးပွားရေးဘဏ်၌ ဇူလိုင် ၂၁ ရက်က ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံး ဦးစီးမှူးနှင့် ဝန်ထမ်းများက Biometric (UID)စနစ်ဖြင့် Smart Card မပြုလုပ်ရသေးသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဇူလိုင် ၂၁ ရက်မှ ၃၁ ရက်အထိ မြန်မာ့စီးပွားရေးဘဏ်၌ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ပေါင်မြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID နံပါတ်များထုတ်ပေး

**ပေါင် ဇူလိုင် ၂၄**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID နံပါတ်ထုတ်ပေးရေး အထူးဦးစားပေး အစီအစဉ်အဖြစ် ကွင်းဆင်းခြင်းကို ယမန်နေ့က မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ပေါင်မြို့နယ် မြန်မာ့စီးပွားရေး



ဘဏ်ခွဲ၌ ဆောင်ရွက်ပေးသည်။ ထိုသို့ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအတွက် နေ့ချင်းပြီး လျှင်မြန်စွာ ဆောင်ရွက်ပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဝင်းဇော်တို့က လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**



## ပုသိမ်မြို့နယ်၌ လမ်း/တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ပုသိမ် ဇူလိုင် ၂၄**

ပုသိမ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ယခုဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်သော ရွာသစ်ကုန်း-စမ်းမြိုင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေးက ကွင်းဆင်းစစ်ဆေးရာ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူမင်းနှင့် မြို့နယ်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီးလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။ **ခရိုင်(ပြန်/ဆက်)**

## ဒက္ခိဏသီရိမြို့နယ်၌ မိုးစပါး၊ မိုးသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူပညာပေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကူဆည် အုပ်စု ကျေးစာဥကျေးရွာ SMU ခန်းမ၌ ယမန်နေ့က မိုးစပါး၊ မိုးသီးနှံ ပန်းတိုင်အထွက်နှုန်း ရရှိရေး တောင်သူပညာပေး ဆွေးနွေးပွဲကျင်းပသည်။ (ယာပုံ)

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန စပါးသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးတိုးမင်းက တောင်သူများ



အနေဖြင့် သဘာဝမြေဩဇာကို ကိုယ်တိုင် ပြုလုပ်သုံးစွဲစေရေး၊ လယ်ယာမြေများ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထည့်သွင်းစိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးရေး၊ မျိုးစေ့ချကိရိယာ၊ ကောက်စိုက်စက်များဖြင့် ပြောင်းလဲစိုက်ပျိုးနိုင်ရေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တောင်သူများက သိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## ညောင်တုန်းမြို့နယ်အတွင်းရှိ ဆန်စက်များတွင် မီးဘေးလုံခြုံရေးအတွက် အသိပညာပေးစစ်ဆေး



**ညောင်တုန်း ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းရှိ ဆန်စက်များတွင် မီးဘေးလုံခြုံရေးအတွက် အသိပညာပေးစစ်ဆေးဆောင်ရွက်ခြင်းကို ယမန်နေ့နံနက်ပိုင်းက ရွှေဝါနဒီဆန်စက်သို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းသူ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ဆန်စက်အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်းဆိုင်ရာ အသိပညာပေးအကြောင်းအရာများကို ရွှေဝါနဒီဆန်စက်ရှိဝန်ထမ်းများအား အသိပညာပေးပြောကြားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဘားအံမြို့၌ အိမ်ခြံမြေအသိပညာမြှင့်တင်ရေးသင်တန်းဖွင့်

**ဘားအံ ဇူလိုင် ၂၄**

ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းနှင့် မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အသင်းတို့ ပူးပေါင်းကြီးမှူး ကျင်းပသည့် AML/CFT အသိပညာမြှင့်တင်ရေး သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်က ဘားအံမြို့ အမှတ်(၄)ရပ်ကွက်ရှိ တော်ဝင်ရတနာဟိုတယ်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ် အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တု(ရွှေ) ရောင်းဝယ်သူများဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှု အသင်း ဗဟိုဥက္ကဋ္ဌ ဒေါ်မို့မို့အောင်က AML/CFT အသိပညာမြှင့်တင်ရေး သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း ကရင်ပြည်နယ်ဥက္ကဋ္ဌ ဒေါ်ဆုခက်ခက်လင်း၊ မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း ကရင်ပြည်နယ်ဥက္ကဋ္ဌ ဦးစောလင်းအောင်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားသည်။



ယနေ့ ဖွင့်လှစ်သည့်သင်တန်းတွင် အိမ်ခြံမြေအသိပညာပေးသင်တန်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး Institute Of MRESA AML/CFT အသိပညာမြှင့်တင်ရေးသင်တန်းနှင့် Professional Sales Training For Real Estate (အရောင်းမြှင့်တင်ရေး)သင်တန်းတို့ကို ဇူလိုင် ၂၃ ရက်မှ ၂၄ ရက်အထိ တော်ဝင်ရတနာဟိုတယ်၌ တစ်ပေါင်းတည်းဖွင့်လှစ်ပို့ချ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရပ်စောက်၌ ဓာတ်မြေဩဇာနှင့်မျိုးစေ့ချကိရိယာများ ပေးအပ်

**ရပ်စောက် ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေမှ မျိုးစေ့ထုတ်စံပြစိုက်ကွက်လုပ်ငန်းများအတွက် ဓာတ်မြေဩဇာနှင့် မျိုးစေ့ချကိရိယာများပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်က ဓာတ်မြေဩဇာနှင့် မျိုးစေ့ချကိရိယာများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ရပ်စောက်မြို့နယ်အတွင်းရှိ မျိုးစေ့ချစိုက်ပျိုးသော တောင်သူများအား ပုလဲဓာတ်မြေဩဇာအိတ် ၅၀ နှင့် မျိုးစေ့ချကိရိယာငါးခုတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## ထန်းတပင်မြို့နယ်၌ လှိုင်မြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေရှစ်သိန်း ငါးမျိုးစိုက်ထည့်




**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်၊ ခရိုင်ဦးစီးမှူး ဦးစိုးမင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး၊ လှော်ကားငါးလုပ်ငန်းစခန်းနှင့် လေးဒေါင့်ကန် ငါးလုပ်ငန်းစခန်းမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများက ယမန်နေ့က ထန်းတပင်မြို့နယ်ရှိ (လှိုင်မြစ်) သဘာဝရေပြင်အတွင်းသို့ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ လေးသိန်းနှင့် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ လေးသိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ရှစ်သိန်းကို ငါးမျိုး စိုက်ထည့်ကြောင်း မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှ သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပြည် ဇူလိုင် ၂၄**

ပြည်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝဏ္ဏသည် ဇူလိုင်၂၄ ရက်က ပြည်မြို့နယ်ဦးစီးမှူးနှင့်အတူ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် ပြည်မြို့နယ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တီတွဒ်-သောကြမ္မာလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တီတွဒ် - သောကြမ္မာလမ်းသည် အရှည် ၁ ဒသမ ၅ ဖာလုံရှိပြီး ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေ ၁၀၅ သန်းဖြင့် ပြည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သက်ထက်**



## မိတ္ထီလာမြို့၌ အရိပ်ရပန်းအလှပင်များ စုပေါင်းစိုက်ပျိုး

**မိတ္ထီလာ ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ဝန်ဇင်းကန်ပေါင် မိတ္ထီလာမြောက်ကန်နှင့် မိတ္ထီလာ-မြင်းခြံ ကားလမ်းမအနီး အရိပ်ရပန်းအလှပင်များ စုပေါင်းစိုက်ပျိုးခြင်းကို ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မိတ္ထီလာမြို့ ကုန်သည်ပွဲစားစက်ပိုင် ကထိန်တော်အသင်းနှင့် ဒေသခံပြည်သူများက ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါ စုပေါင်းစိုက်ပျိုးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော်နှင့် ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မိတ္ထီလာမြို့ ကုန်သည်ပွဲစားစက်ပိုင် ကထိန်တော်အသင်းမှ တာဝန်ရှိသူများ၊ ဝန်ဇင်းရပ်ကွက်၊ ရန်မျိုးအောင်ရပ်ကွက်နှင့် ဈေးအရှေ့ပြင်ရပ်တို့မှ ဒေသခံပြည်သူများက အရိပ်ရပန်းအလှပင်များဖြစ်သည့် သပြေဘူတ ၅၆ ပင်နှင့် ငုစပ် ၁၅ ပင်တို့ကို စုပေါင်းစိုက်ပျိုးကြသည်။

**ချမ်းသာ(မိတ္ထီလာ)**



## လပွတ္တာမြို့နယ်၌ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**လပွတ္တာ ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် သစ်တောဦးစီးဌာန၏ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဒီရေတောသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

လပွတ္တာမြို့နယ် ပြင်အလန်းကြိုးဝိုင်း အကွက်အမှတ်(၇၆)တွင် ပြင်စလူမြို့အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်မြတ်နှင့်အဖွဲ့များ၊ သစ်ပုတ်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်များ၊ အထက (သစ်ပုတ်)မှ ဆရာ ဆရာမများနှင့် ကျောင်းသားများ၊ သစ်ပုတ်ကျေးရွာရှိ ဒေသခံပြည်သူများ၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဝင်းနိုင်နှင့် သစ်တောဝန်ထမ်းများက ဒီရေတောပျိုးပင်များဖြစ်သည့် သမဲ့ကြီး ၆၅၀၊ ဖြူးအုပ်ဆောင်း ၆၅၀ စုစုပေါင်း ပျိုးပင် ၁၃၀၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်း ငွေတံဆိပ်တစ်ခုရရှိထား

ရန်ကုန် ဇူလိုင် ၂၄
ထိုင်းနိုင်ငံ Hat Yai မြို့တွင် ဇူလိုင် ၂၂ ရက်မှ ၂၈ ရက်အထိ ကျင်းပပြုလုပ်လျက်ရှိသည့် The 38th Thai King’s Cup 2025 ပြိုင်ပွဲတွင် မြန်မာအသင်းက ငွေတံဆိပ်တစ်ခု စတင်ဆွတ်ခူး ရရှိထားကြောင်း သိရသည်။

အဆိုပါ ငွေတံဆိပ်ဆုကို အမျိုးသမီး Hook Takraw Event ပွဲစဉ်အဖြစ် ဇူလိုင် ၂၂ ရက်က ပြုလုပ်သည့်ပြိုင်ပွဲ၌ ကစားသမား နွယ်နွယ်ထွေး၊ ကြူကြူသင်း၊ ဖြူဖြူသန်း၊ ခင်နှင်းဝေ၊ ဆုတင်ဇာနိုင်နှင့် နေခြည်နွေးတို့ ဝင်ရောက်



မြန်မာလက်ရွေးစင်အမျိုးသမီး Hook Takraw Event ဗိုလ်လုပွဲစဉ်ယှဉ်ပြိုင်စဉ်။

ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ထိုင်းအသင်းက ရမှတ် ၉၀၀ ဖြင့် ပထမ၊ မြန်မာအသင်းက ရမှတ် ၇၅၀ ဖြင့် ဒုတိယ၊ ဗီယက်နမ်အသင်းက ရမှတ် ၄၄၀၊ လာအိုအသင်းက ရမှတ် ၃၂၀ တို့ဖြင့် တတိယဆုများ ရရှိခဲ့ကြသည်။

မြန်မာအသင်းသည် ဇူလိုင် ၂၃ ရက် ပြိုင်ပွဲများအဖြစ် Men Quadrant ပြိုင်ပွဲတွင် မလေးရှားအသင်း၊ စင်ကာပူအသင်းတို့နှင့်လည်း ကောင်း၊ Women Quad-rant ပြိုင်ပွဲတွင် လာအိုအသင်း၊ အိန္ဒိယအသင်း၊ ဗီယက်နမ်အသင်းတို့နှင့် လည်းကောင်း၊ Mix Quad-rant ပြိုင်ပွဲတွင် ထိုင်းအသင်း၊ မလေးရှားအသင်း၊ ဗီယက်နမ်အသင်းတို့နှင့် လည်းကောင်း အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## သထုံမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာ လွယ်ကူစွာထုတ်ယူနိုင်ရေး UID နံပါတ်ထုတ်ပေး

သထုံ ဇူလိုင် ၂၄
မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာငွေ ထုတ်ယူရာတွင်



လူပုဂ္ဂိုလ်မှန်ကန်မှု ရှိ၊ မရှိ စိစစ်နိုင်ရန်နှင့် ခေတ်မီနည်းပညာ အသုံးပြုနိုင်ရန် မြန်မာ့စီးပွားရေးဘဏ်၏ Centralized e-Pension စနစ်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ e-ID စနစ်တို့ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် UID နံပါတ်များ Centralized e-Pension Program တွင် ထည့်သွင်းရန် UID နံပါတ် ထုတ်ပေးရေး အထူးဦးစားပေးအစီအစဉ်အဖြစ် ကွင်းဆင်းခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများက သထုံမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ ဆောင်ရွက်ပေးသည်။

ထိုသို့ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအတွက် နေ့ချင်းပြီး လျင်မြန်စွာ ဆောင်ရွက်ပေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သထုံခရိုင်ဦးစီးမှူး ဦးမောင်မောင်မြင့်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ **ခရိုင် (ပြန်/ဆက်)**

## သံဖြူဇရပ်မြို့နယ်၌ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော သရုပ်ပြသ

သံဖြူဇရပ် ဇူလိုင် ၂၄
မွန်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ မှာကြားချက်ဖြင့် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြသခြင်း၊ နံရံကပ်စာစောင်ပြသခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့နံနက်ပိုင်းက အထက (ကျုံကဒတ်)ကျောင်း၌ ကွင်းဆင်းဆောင်ရွက်သည်။

မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှူး ဦးသူရဦးနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ထွေးတို့က သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ရခြင်းအကြောင်းရင်းများ၊ သဘာဝဘေးအန္တရာယ်အမျိုးအစားများ၊ မိုးရာသီကာလတွင် အများဆုံး ဖြစ်ပွားတတ်သည့် ရေဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်သတိပြုကာကွယ်လိုက်နာရမည့် အချက်တို့ကို ရှင်းလင်းဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြသသည်။



ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး နံရံကပ်ဗီနိုင်းပိုစတာ ပြသခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျိုက်မရောမြို့နယ်၌ အငြိမ်းစားဝန်ထမ်းများအား UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ကျိုက်မရော ဇူလိုင် ၂၄
ကျိုက်မရောမြို့နယ်၌ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများ



လိမ်လည်ထုတ်ယူခြင်းမှ ကင်းဝေးနိုင်စေရန်နှင့် လူပုဂ္ဂိုလ်မှန်ကန်မှုရှိ၊ မရှိ စိစစ်နိုင်စေရန် ကျိုက်မရောမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲမန်နေဂျာ ဒေါ်မာမာလွင်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးသန့်ဇင်နှင့် ဝန်ထမ်းများက ယမန်နေ့နံနက်ပိုင်းတွင် ပင်စင်လစာ ထုတ်ပေးလျက်ရှိသည့် မြန်မာ့စီးပွားရေးဘဏ်ခွဲသို့ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် အငြိမ်းစားဝန်ထမ်းများအနေဖြင့် မှတ်ပုံတင်ကတ်နှင့် ပင်စင်ကတ်တို့ကို ယူဆောင်လာရန် လိုအပ်မည်ဖြစ်ပြီး ဇူလိုင် ၂၁ ရက်မှ ဇူလိုင်လကုန်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း UID ကတ်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး (ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## ဝမ်းတွင်းမြို့နယ်၌ ကျောက်ချောလမ်းခင်းကျင်း

ဝမ်းတွင်း ဇူလိုင် ၂၄
မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျောက်ချောလမ်းများ ခင်းကျင်းပေးလျက်ရှိရာ ဆောင်ရွက်လျက်ရှိသော လမ်းများအား ဇူလိုင် ၂၂ ရက်က မန္တလေးတိုင်းဒေသကြီးညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါ ကျောက်ချောလမ်းသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ ကျပ် ၇၂ ဒသမ ၅၉၀ သန်း အကုန်ကျခံကာ စိတ်ထားမြတ်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



## တာမွေမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား UID နံပါတ်များ ထုတ်ပေး

ရန်ကုန် ဇူလိုင် ၂၄
ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်(တာမွေဘဏ်ခွဲ)၌ ယမန်နေ့ နံနက်ပိုင်းက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား UID (Unique Identification) နံပါတ်များ ထုတ်ပေးလျက်ရှိရာ သဃ်န်းကျွန်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မင်းနှင့် မြို့နယ်ဦးစီးမှူး ဦးမြင့်ဇော်တို့က အနီးကပ်ကြီးကြပ်ကာ လိုအပ်သည်များကို ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**



## မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် Manulife Insurance တို့ ပူးပေါင်းကျင်းပမည့် Manulife ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၄
မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် Manulife Insurance တို့ ပူးပေါင်းကျင်းပမည့် Manulife ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပရန်အတွက် သဘောတူလက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Wyndhan Hotel ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲဝင့်ထွဋ်တင်နှင့် Manulife Insurance မှ CEO Mr. Gaurav Sharma တို့ နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် Manulife တို့ ပူးပေါင်း၍ နှစ်စဉ်ပြိုင်ပွဲပြုလုပ်ကျင်းပမည့်ကဏ္ဍ၊ ပြိုင်ပွဲများ ကျင်းပခြင်းဖြင့် ပိုက်ကျော်ခြင်းအားကစားကဏ္ဍ တိုးတက်ရေးကဏ္ဍ၊ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်ရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မည့်ကဏ္ဍများကို အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး Manulife ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို စက်တင်ဘာလတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၊လမ်းများတွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လမ်းမီးအရံ ပစ္စည်းများအားမြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၄.၇.၂၀၂၅)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၇.၈.၂၀၂၅) ရက်နေ့ (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## စားသုံးသူရေးရာဦးစီးဌာန၊ နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်-မန်းလမ်းဟောင်းရှိ မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက် MAPCO တွင် ထားရှိသည့် ဆန်မျိုးစုံ (၁၈၉၈)အိတ်ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် မျက်မြင်အတိုင်း လေလံတင် ထုခွဲရောင်းချမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများ အနေဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **တင်ဒါပုံစံရောင်းချမည့်ရက် အချိန်** - ၂၄-၇-၂၀၂၅ရက်မှ၂၃-၈-၂၀၂၅ ရက်ထိ ရုံးဖွင့်ရက် (၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စားသုံးသူရေးရာဦးစီးဌာန၊ နေပြည်တော် ဦးစီးမှူးရုံး၊ နေပြည်တော်ကောင်စီရုံးဝင်း

၄။ **တင်ဒါဖွင့်မည့်ရက်** - ၂၆-၈-၂၀၂၅ ရက်

၅။ **နေရာ** - စားသုံးသူရေးရာဦးစီးဌာန၊ နေပြည်တော် ဦးစီးမှူးရုံး

၆။ အဆိုပါ ဆန်မျိုးစုံ(၁၈၉၈)အိတ်၏ မျက်မြင်အခြေအနေအား ပျဉ်းမနားမြို့နယ်၊ ရန်-မန်း လမ်းဟောင်းရှိ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် MAPCO တွင် သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၅၀၄၂၉၊ ၀၉- ၂၆၅၅၆၀၆၃၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**နေပြည်တော်**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့၊ ဆုံကုန်းကျေးရွာနေ (ဘ) ဦးစောထွန်း၏သမီး မသရဖီဝင်း ၁၄/ဇလန(နိုင်)၁၈၇၆၂၇ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း - ၀၉ - ၄၅၂၁၆၀၂၇၀

## ဖခင်အမည်မှန်

2024 –2025 ပညာသင်နှစ် ရေနံချောင်းတက္ကသိုလ် မြန်မာစာ မေဂျာ(အဝေးသင်) နောက်ဆုံးနှစ် မှမဇာဇာမြင့်၏ဖခင် ဦးအောင်ဘော်၏အမည်မှန်မှာ ဦးအောင်ပေါ် ၈/စတရ(နိုင်)၀၀၆၄၂၇ ဖြစ်ပါကြောင်း။

**ဦးအောင်ပေါ်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/4994 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ရှမ်းပြည်နယ်ရုံး(တောင်ကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/58060, Haojue 115 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်မင်း ၁၄/ဘကလ(နိုင်)၂၃၈၈၄၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၇၁၉၅ Kenbo–125 ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်ဦး ၈/ပခက(နိုင်)၁၆၂၈၅၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၅၅၆၃၄ Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးထိန်လင်း ၉/အမဇ(နိုင်) ၀၀၀၀၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/87607 Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှချောစုလှိုင် ၉/မဟမ(နိုင်) ၀၇၆၇၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ မန္တလေးတိုင်း ဒေသကြီး ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေဖြင့် မြစ်သားမြို့နယ်အတွင်း ပြက္ခရွေတောင်တက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်ရန်ရှိပါသဖြင့် လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံ စတင် ရောင်းချမည့်ရက်** - ၂၄-၇-၂၀၂၅ရက် (ကြာသပတေးနေ့) ရုံးချိန်အတွင်း

(ခ) **တင်ဒါပုံစံ အရောင်းပိတ်မည့်ရက်** - ၁-၈-၂၀၂၅ရက် (သောကြာနေ့) ရုံးချိန်အတွင်း

(ဂ) **တင်ဒါပုံစံနောက်ဆုံး တင်သွင်းရမည့်ရက်** - ၄-၈-၂၀၂၅ရက်(တနင်္လာနေ့) ရုံးချိန်အတွင်း

(ဃ) **တင်ဒါတင်သွင်းရမည့် နေရာ** - မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး

၂။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများအား လုံးဝ(လုံးဝ)ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါတင်ပုံစံနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး (၀၂-၂၈၄၄၉၉၃၊ ၀၂-၄၀၃၆၉၂၃) တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂-B)၊ မြေကွက်အမှတ်(၆၉-A) ဟုခေါ်တွင်သော အကျယ် ၁၀၀ ပေ x ၁၀၀ ပေ ရှိ ဦးခင်ဝင်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲရပ်ကွက်၊ ဗေဒါလမ်း၊ အမှတ်(၆၉-A) ဟုခေါ်တွင်သည့် နေအိမ်အဆောက်အအုံနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း**

အထက်ဖော်ပြပါမြေနှင့်နေအိမ်ကို တရားဝင်ပိုင်ဆိုင်သည်ဟု အဆိုရှိသော ဦးခင်ဝင်း (၁၂/မရက(နိုင်) ၀၁၀၆၁၈) ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ဦးခင်ဝင်း ကိုယ်စား ဒေါ်ယုယု (၁၂/ဗဟန (နိုင်) ၀၆၉၁၂၂) အား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမျိုးဝင်း** | **ဦးအာကာဦး** | **ဦးမျိုးကျော်သက်** |
| **စဉ်- ၁၉၀၇၀** | **စဉ်- ၅၄၇၆၄** | **စဉ်- ၅၄၉၉၆** |

**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေများ**
**အမှတ်-၁၂၊ ပထမထပ်နှင့် ဒုတိယထပ်၊ အနော်ရထာလမ်း (ပန်းဆိုးတန်းလမ်းထောင့်)၊ (၄)ရပ်ကွက်၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၄၁၉၀၇၀၇၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 34W/26237 Super Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငြိမ်းငြိမ်းထွေး ၉/မဟမ(နိုင်)၀၂၂၆၂၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/ 37749 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မာထွန်း ၅/မမတ(နိုင်) ၀၆၇၇၉၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/15224, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်စုမွန် ၂/လကန (နိုင်)၀၅၂၅၃၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/11024, Taryan 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုဦး ၉/မခန(နိုင်)၂၁၅၅၄၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ရှမ်းပြည်နယ်ရုံး(တောင်ကြီး)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့၊ အမှတ်(၁၁/၃၅၄) စံပယ်ဦး(၂)လမ်းနေ ဦးမောင်မောင်ချို ၇/တငန(နိုင်)၀၃၂၃၃၃-ဒေါ်သဇင်ခိုင် ၇/တငန(နိုင်)၀၃၂၄၀၂ တို့၏ သမီး မအေမီချို ၇/တငန(နိုင်)၂၇၂၇၁၃ သည် ဖခင်ကြီးအား ကိုယ်စိတ်နှစ်ပါး စိတ်ထိခိုက်စေသည့် ကိစ္စများကို အကြိမ်ကြိမ်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျှောက် နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဖခင် ဦးမောင်မောင်ချို- မိခင် ဒေါ်သဇင်ခိုင်**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေးနှင့် မြစ်ရေတင်လုပ်ငန်း(၆)ခု အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး (ပြည်လမ်းနှင့် အလုံလမ်းထောင့်လွှတ်တော်ရုံးဝင်း)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါစတင်ရောင်းချမည့် ရက်/အချိန်** - ၂၅-၇-၂၀၂၅ရက် (ရုံးချိန်အတွင်း)

၄။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၈-၈-၂၀၂၅ရက် ညနေ ၄:၃၀နာရီ

၅။ **တင်ဒါတင်သွင်းရမည့်နေရာ** - ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

၆။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၁-၅၇၇၅၅၃၊ ၀၁-၂၃၃၆၄၀၂၊ ၀၉-၄၂၈၆၃၇၂၆၉၊ ၀၉-၂၅၅၂၈၂၁၈၀

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ဖခင်အမည်မှန်

သရက်ခရိုင်၊ အထက်မင်းလှမြို့နယ် အထက(ခွဲ) ခတ်ကုန်း Grade 4 မှ မောင်ဝေလျှံကျော်၏ ဖခင် ဦးကျော်မိုးမင်း၏ အမည်မှန်မှာ ဦးကျော်စိုးမင်း ၈/မလန (နိုင်) ၁၀၅၆၄၁ ဖြစ်ပါကြောင်း။

**ဦးကျော်စိုးမင်း**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ လေးပင် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) Grade 7 (သင်ဆဲ)မှ မမှူးသခင်ကို၏ဖခင် ဦးကျော်၏အမည်မှန်မှာ ဦးအောင်ကျော် ၈/ မဘန(နိုင်) ၀၈၃၄၅၃ ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 70W/87607 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## မွေးသက္ကရာဇ်အမှန်

မင်းဘူး(စကု)မြို့နယ်၊ ပေကုန်းကျေးရွာအခြေခံပညာ မူလတန်းလွန်ကျောင်း Grade–7 မှ မငွေဇင်မိုး၏ မွေးသက္ကရာဇ်အမှန်မှာ 9–5–2011 ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ အကွက်အမှတ်(၃၇)ဘုရားကိုင်ကွင်း၊ မြေကွက်အမှတ်(၄၃၆)၊ မြေဧရိယာ (၀ဒသမ၀၃၄)ကေအား မြေငှားဂရန်အမှုတွဲအမှတ် ၁၉၅/၁၉၉၃-၁၉၉၄ အရ ဒေါ်လှမေ အမည်ဖြင့် ရရှိခဲ့ပြီး ဒေါ်လှမေ၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးကျော်စိုးနိုင် ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၇၃/၂၀၂၀)ဖြင့်ဦးသီဟကျော်၊ ဒေါ်ဌေးဌေးဝင်းတို့မှလည်း ကောင်း၊ ဦးသီဟကျော်၊ ဒေါ်ဌေးဌေးဝင်း တို့၏ အထွေထွေကိုယ်စားလှယ် ရရှိသူ ဦးအောင်ဇော်ထိုက် ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၃၆/၂၀၂၃)ဖြင့် ဦးဇော်မင်းစိုးမှလည်းကောင်း ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး (၁၉-၁၂-၂၀၂၃)ရက်တွင် မြေငှားဂရန် သက်တမ်းကုန်ဆုံးခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား(အမည်ပြောင်း/သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးဇော်မင်းစိုး ၆/မမန(နိုင်) ၁၃၃၇၉၉မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့ ၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၀၈)ကေရှိ ဒေါ်နွယ်နီစိုး ၁၂/မဂဒ(နိုင်)၁၂၇၅၆၈ (ဘ)ဦးဌေးမြင့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၃၀၃၁)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၇၈၃/၂၀၂၃ (၁၅-၈-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်မေမျိုးသွယ် ၁၂/ကမတ(နိုင်) ၀၅၅၈၆၅ (ဘ)ဦးခင်မောင်သူမှ ဦးအေးဝင်း ၁၂/ရကန(နိုင်)၀၁၁၄၆၇နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၅)၊ မြေကွက်အမှတ် (၄၀၆)ဟုခေါ်တွင်သည့် ဒေါ်တူးမာ အမည်ပေါက် ပါမစ်မြေအမျိုးအစား၊ အကျယ်အဝန်းပေ (၄၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်စာတမ်းအဆက်အစပ်များဖြင့် လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသန်းထွန်းအောင် (၁၂/ဒဂရ(နိုင်)၀၀၃၆၀၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုလျှင် ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်မြင့် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၈၃)**
**အမှတ် (၄၇၈)၊ ဓမ္မာရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၀၅၁၇၈၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/43671, Honda Scoopyi–110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းချမ်းလင်း ၉/ပကခ(နိုင်) ၀၀၉၃၅၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀-သုဝဏ္ဏ (ဘုရားအနီး)၊ နှင်းဆီဖြူလမ်း၊ မြေကွက်အမှတ် (၁၂၇)၊ ဧရိယာ (၀.၁၂၁)ကေရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်နှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားအမည်ပေါက်ပိုင်ဆိုင်လျက်ရှိသူ ဦးအာကာမျိုး (၁၂/စခန(နိုင်) ၀၅၈၀၈၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇော်လတ် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၀၃၈)**
**အမှတ် (၅၆၅/၅၆၇)၊ ၊ MAC TOWERI**
**အခန်းအမှတ် (၆၀၃)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉-၂၅၄၁၁၇၈၅၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/13189, New Zhineng Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူလွင် ၁၄/ဖပန(နိုင်)၂၂၃၅၉၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၉

ဒေါ်နှင်းချယ်ရီဦး နှင့် ဦးမင်းအောင်
(တရားလို) (တရားပြိုင်)

အေးသာယာမြို့၊ ရပ်ကွက်(၂)၊ အကွက်ကြီး(၂၈)၊ အမှတ်(၇၄)(ယခုနေရပ်လိပ်စာမသိသူ) ဦးမင်းအောင် သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နှင်းချယ်ရီဦးက "မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၃၁ရက်(၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဆွတ်ရိန်)
တွဲဖက်မြို့နယ်တရားသူကြီး(၄)
တောင်ကြီးမြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ် ၉၀

ဒေါ်ထက်ထက်ဝင်း နှင့် အရာခံဗိုလ် မင်းသိန်း(ငြိမ်း)
(တရားလို) (တရားပြိုင်)

အေးသာယာမြို့၊ ရပ်ကွက်(၂)၊ အမှတ်(၃၈)(ယခုနေရပ်လိပ်စာမသိသူ) အရာခံဗိုလ် မင်းသိန်း(ငြိမ်း) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ထက်ထက်ဝင်းက "မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်း ပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဆွတ်ရိန်)
တွဲဖက်မြို့နယ်တရားသူကြီး(၄)
တောင်ကြီးမြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉၀

ဦးအောင်လင်း နှင့် ဦးတင်မောင်
(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်အေးအေးခိုင် )
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်( ထထ-၃/၁၀) နေ ဦးတင်မောင်(၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်အေးအေးခိုင်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးတင်မောင်( ၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်အေးအေးခိုင်) သင့်အပေါ်၌ ဦးအောင်လင်း က" မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ် ၊ (က)ရပ်ကွက်၊ အကွက်အမှတ် ( လ- ၄ )၊ ဦးပိုင်အမှတ်( ၃၂ )၊ ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးတင်မောင် အမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုစေသည့်ဒီကရီ "ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ။ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက် ( ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း(၁၁)ရက် မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင်၊ သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍၊ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဆွေမာလှိုင်)
ဒုတိယမြို့နယ်တရားသူကြီး(၃)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်နေ (ဘ) ဦးဇော်ဝင်းထွန်း၏ သမီး၊ ဗိုလ်တထောင် အထက (၂) Grade-5 မှ မအိမ့်ကြယ်စင်၏ အမည်မှန်မှာ မအေးချမ်းခင်ခင်ချစ် ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/88070, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိုးစိုးနွယ် ၉/စကန(နိုင်)၀၆၀၈၃၄၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

## ဖခင်အမည်မှန်နှင့် မိဘအမည်မှန်

မြိတ်မြို့၊ အထက (၁)၊ Grade-10 မှ စောဝင်းဦး၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ စောစီးဘီ ၆/တသရ(နိုင်)၀၅၆၉၃၀ ဖြစ်ပြီး Grade-12 မှ နော်ဖောအင်နေဆိုး၏ မိဘအမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ စောစီးဘီ ၆/တသရ(နိုင်)၀၅၆၉၃၀နှင့် နော်ထီးဖော် ၆/တသရ(နိုင်)၀၅၇၀၆၇ ဖြစ်ပါကြောင်း။

**(အထက်တန်းရှေ့နေ) (စဉ်-၅၄၄၇၅)**
**ဖုန်း-၀၉-၄၄၅၁၀၅၃၈၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ပျော်ဘွယ်လေးကျေးရွာ၊ ကွင်းအမှတ် (၁၇၇-ခ)၊ ကွင်းအမည် လက်ပံကုန်းကွင်း၊ ဦးပိုင်အမှတ်(စက/၁၃)၊ အကျယ်အဝန်း ၀ ဒသမ ၀၂ဧက၊ ပေ(၁၈x၆၀)အကျယ်ရှိ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကျောက်ယိဖေ(ခ)ရီရီဝင်း ၁၃/လရန(နိုင်)၁၈၈၃၅၀မှ ဝယ်ယူပြီးစီးကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခိုင်စိုး**
**(အထက်တန်းရှေ့နေ) (စဉ်-၅၄၄၇၅)**
**ဖုန်း-၀၉-၄၄၅၁၀၅၃၈၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၉၅၄၃၈ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းလတ် ၁၀/မလမ(နိုင်)၁၄၀၁၉၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ဖခင်အမည်မှန်

ဘိုကလေးမြို့နယ်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် G-12/2-A ကျောင်းသား မောင်ဆန်းကိုကို၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်းအောင် ၁၄/အမတ(နိုင်) ၀၄၃၂၆၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ အထက မလက်တိုကျောင်း Grade-12 မှ မောင်အောင်ဇော်ဦး၏ ဖခင်အမည်မှန်မှာ ဦးသန်းနိုင် ၁၄/မအပ(နိုင်)၁၅၀၅၁၇ ဖြစ်ပါကြောင်း။

**ဦးသန်းနိုင်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ပျော်ဘွယ်လေးကျေးရွာ၊ ကွင်းအမှတ် (၁၇၇-ခ)၊ ကွင်းအမည် လက်ပံကုန်းကွင်း၊ ဦးပိုင်အမှတ်(CN/၅၉)၊ အကျယ်အဝန်း ၀ ဒသမ ၁၄ ဧက၊ (၄၀ x ၁၅၀)ပေ အကျယ်ရှိမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကျောက်ယိဖေ (ခ) ရီရီဝင်း ၁၃/လရန(နိုင်)၁၈၈၃၅၀ မှ ဝယ်ယူပြီးစီးကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးခိုင်စိုး**
**(အထက်တန်းရှေ့နေ) (စဉ်-၅၄၄၇၅)**
**ဖုန်း-၀၉-၄၄၅၁၀၅၃၈၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ရော (၁၉)လမ်း၊ အမှတ်(၁၁၁၄)နေ ဒေါ်စန်းစန်းအေး (ဘ) ဦးသန်းညွှန့် ၁၂/ဥကမ (နိုင်)၀၅၈၇၃၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ရော (၁၉)လမ်း၊ အမှတ်(၁၁၁၁)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျားပေ ၂၀ x အနံပေ၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၁)ထပ် နေအိမ် (၁)လုံးနှင့် ရေ+မီးအပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ရော(၁၉) လမ်း၊ အမှတ်(၁၁၁၄)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၁၀ပေ x အနံ ၆၀ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် သံဖရိန်ဖြင့် ဆောက်လုပ်ထားသည့် (၂)ထပ်နေအိမ်(၁)လုံးနှင့် ရေ + မီး အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ဒေါ်စန်းစန်းအေးအမည်ဖြင့် တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားသည့် အိမ်နှင့်မြေများဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်နှင့်မြေ များအား ညီမအရင်းဖြစ်သူ ဒေါ်သီတာအေး (ဘ) ဦးသန်းညွှန့် ၁၂/ဥကမ(နိုင်) ၁၄၉၆၇၆၊ ဒေါ်နီလာထွေး(ဘ)ဦးသန်းညွှန့် ၁၂/ဥကမ(နိုင်)၂၆၈၅၀၉၊ တူမအရင်း ဖြစ်သူ မချိုးမြင့်မြတ်ချယ် (ခ) ကေဇင်သွယ် (ဘ)ဦးအောင်ကြည်မြင့် ၁၂/ တမန(နိုင်)၁၂၇၀၈၂၊ မယွန်းဝတီအောင်(ဘ)ဦးနေဝင်းအောင် ၁၂/ဥကမ(နိုင်) ၂၉၆၂၉၈ တို့အား ၂၃-၇-၂၀၂၅ရက်စွဲပါစာချုပ်ဖြင့် ကျွန်မဒေါ်စန်းစန်းအေးမှမိမိ၏ တစ်ဦးတည်းသောဆန္ဒဖြင့် မိမိပိုင်ဆိုင်သော အိမ်နှင့်မြေများအား ညီမအရင်း များနှင့် တူမအရင်းများအား အပြီးအပိုင်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှိုင်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၇၆၄)**
**ရုံးခန်းအမှတ်(၅)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်တရားရုံးအနီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၉၈၀၉၀ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝင်းထွန်း ၁၀/ကမရ(နိုင်)၀၇၇၅၄၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/56532 Honda Dream 100MT ယာဉ် လက်ဝယ်ရှိသူ ဦးမျိုးကိုကို ၉/သပက(နိုင်)၀၅၂၉၂၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၅၀၀၀၂ Honda Click 125 ယာဉ် လက်ဝယ်ရှိသူ ဦးထက်ဝေဖြိုး ၅/ကလတ(နိုင်)၁၁၄၆၅၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ၂၀)
## ဟုမ္မလင်းမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၉

ဦးစိုးမြင့်ဝေ (တရားလို) နှင့် ဦးစံလှဝင်း (တရားပြိုင်)

ဟုမ္မလင်းရပ်ကွက်၊ ဟုမ္မလင်းမြို့၊ ဟုမ္မလင်းခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးနေ ဦးစံလှဝင်း (ယခုနေရပ်လိပ်စာမသိရှိသူ) သိစေရမည်။

သင့်အပေါ် တရားလို ဦးစိုးမြင့်ဝေက ဟုမ္မလင်းမြို့၊ ဟုမ္မလင်းရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၂/ ဟုမ္မလင်းအရှေ့ )၊ ဦးပိုင်အမှတ်-၂၃၇ ၊ ဧရိယာ ၀ ဒသမ ၀၈၄ဧကရှိ ဦးစံလှဝင်း အမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ် ဇူလိုင်လ ၃၁ရက် (၁၃၈၇ခုနှစ် ဝါခေါင်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်မင်းခန့်)
မြို့နယ်တရားသူကြီး
ဟုမ္မလင်းမြို့နယ်တရားရုံး

## တစ်ဦးတည်းဖြစ်ပါကြောင်း

တာမွေမြို့နယ်နေ ဒေါ်နှင်းဖြူထွန်း ၁၂/မဂတ(နိုင်)၁၀၇၃၅၃ ၏မိခင် ဒေါ်စန်းစန်းအေး နှင့် ဒေါ်ရူကီယာဘီ (ခ) စန်းစန်းအေးသည် အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7S/9711 Neta X ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ခင်မင်း ၇/ပခတ(နိုင်)၀၀၂၁၂၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ နေပြည်တော်ရုံး

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 78W/61672 POWER THAI 125 ၏ ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းထိုက် ၁၄/ဖပန(နိုင်)၁၄၈၄၇၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ဖျာပုံ)
ဖျာပုံမြို့

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ပျော်ဘွယ်လေးကျေးရွာ ကွင်းအမှတ် ၁၉၂၊ ကွင်းအမည် ပျော်ဘွယ်လေးကွင်း၊ဦးပိုင်အမှတ် (၈ခ/၁၀၇)၊ အကျယ်အဝန်း ၀ ဒသမ ၀၈ဧက၊ ပေ(၄၀x၉၀)အကျယ်ရှိ မြေကွက်အား ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ကျောက်ယိကြည်(ခ)ဖြူဖြူ ၁၃/လရန(နိုင်)၁၇၂၂၇၃ မှ ဝယ်ယူပြီးစီးကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခိုင်စိုး
(အထက်တန်းရှေ့နေ) (စဉ်-၅၄၄၇၅)
ဖုန်း-၀၉-၄၄၅၁၀၅၃၈၈

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ဈေး၏ အောက်ဖော်ပြပါဆိုင်ခန်းများမှ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းကတိစာချုပ်ဖြင့် အမည်ပြောင်းလျှောက်ထားလာခြင်းအား ၁၄ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| စဉ် | ရုံအမှတ် | ဆိုင်အမှတ် | မူလအမည် | လျှောက်ထားသူအမည် | မှတ်ပုံတင်အမှတ် | စာချုပ်ချုပ်ဆိုသည့်ရက်စွဲ |
|---|---|---|---|---|---|---|
| ၁ | က-၂၉ | ၇ | ဦးခင်မောင်လွင် | ဦးထက်အောင် | ၁၂/အစန(ပြု)၀၀၁၀၃၇ | ၁၀-၅-၂၀၂၅ |
| ၂ | က-၃၀ | ၈ | ဦးဘဲလူးဆာမိ(ခ) ဉာဏ်ဝင်းအောင် | ဦးထက်အောင် | ၁၂/အစန(ပြု)၀၀၁၀၃၇ | ၁၀-၅-၂၀၂၅ |
| ၃ | က-၃၀ | ၉ | ဦးဘဲလူးဆာမိ(ခ) ဉာဏ်ဝင်းအောင် | ဦးထက်အောင် | ၁၂/အစန(ပြု)၀၀၁၀၃၇ | ၁၀-၅-၂၀၂၅ |
| ၄ | က-၃၇ | ၁ | ဦးစိုးဝင်း | ဦးစိုးမြင့် | ၁၂/အစန(နိုင်)၀၀၆၂၆၅ | ၁၆-၁၀-၂၀၂၄ |
| ၅ | ကြီး-၄ | ၁၁၅ | ဒေါ်ထွေးကြည် | ဒေါ်ဥမ္မာအေး | ၁၂/မရက(နိုင်)၀၁၅၄၈၉ | ၃၀-၃-၂၀၂၅ |

ဈေးတာဝန်ခံ၊ ဘုရင့်နောင်ဈေး၊ ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၉-၇၉၈၂၉၉၉၅၄

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃)
## ကျောက်ဆည်ခရိုင်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄၃

ကွယ်လွန်သူ ဒေါ်ပု၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာအုပ်စု၊ အင်းလျားကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ပု၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်သန်းသန်းဝင်း က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ခုနှစ် ဩဂုတ်လ ၇ရက် (၁၃၈၇ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ပု၏ ကျန်ရစ်သော ပစ္စည်းတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါ အမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၇ရက် (၁၃၈၇ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်း လက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်သန်းသန်းဝင်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြင့်မြင့်ချစ်ကျော်)
ဒုတိယခရိုင်တရားသူကြီး(၂)
ကျောက်ဆည်ခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅ ၊ နည်းဥပဒေ-၁ နှင့် ၅)
## ပျဉ်းမနားခရိုင်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၃

နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် (ဇမ္ဗူသီရိဘဏ်ခွဲ) (ယင်းကိုယ်စားမန်နေဂျာဦးသန်းဇော်မြင့်) (တရားလို) နှင့် ၁။ ဦးပြည့်ဖြိုးဝေ ၂။ ဒေါ်ဝင်းမင်းသောင်း (တရားပြိုင်များ)

၁။ ဦးပြည့်ဖြိုးဝေ၊ ၂။ ဒေါ်ဝင်းမင်းသောင်း (အတူနေမိသားစု)၊ Capital Investment & Consultancy Group Co.,Ltd အခန်းအမှတ် (၂၀၈)၊ တာဝါ(ဘီ)၊ မြိုင်ဟေဝန်ကွန်ဒို၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိသူ) နေသူသိစေရမည်။

သင့်အပေါ်၌တရားလိုက **"အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း SME ချေးငွေအရင်း၊ အတိုးငွေများနှင့်ချေးငွေအပေါင်အာမခံ CGI ကြေးငွေ စုစုပေါင်း (၁၄၈၇၄၉၂၄.၇၄) ပြန်လည်ရလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၅ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်၊ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သန္တာညွန့်)
တွဲဖက်ခရိုင်တရားသူကြီး(၂)
ပျဉ်းမနားခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ သရေခေတ္တရာလမ်း၊မြေကွက်အမှတ်(၆၄၄)၊အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးမောင်ရွှေ (စီအက်-၁၀၉၄၅၇)အမည်ပေါက်ပါမစ်မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးဝင်းကျော်ကျော်ဗိုလ် (၁၂/ဒဂရ(နိုင်)၀၁၀၉၅၁) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဝင်းထက်မောင်မောင် (၁၂/လသန(နိုင်)၀၂၀၁၃၃)ကဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေငြာအပ်ပါသည်။

ဦးထိန်လင်းသန်း — LL.B, D.B.L, D.I.L, D.M.L — တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)
လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ပြည့်ပြည့်ဖြိုး — LL.B, D.B.L, D.I.P.L — တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄)
ဖုန်း:- 09- 550 4265 , 09- 4500 171 36 , 09- 42 80 20 369

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၀)၊ ဘိုးရာဇာလမ်း၊ မြေကွက်အမှတ်(၁၆၇၆)၊ မြေအမျိုးအစား-ပါမစ်မြေ၊ မြေအကျယ်အဝန်း ပေ(၄၀x၆၀)ရှိ မြေကွက်အနက်မှ တရားဝင် မခွဲမစိတ်ရသေးသော မြေအကျယ်အဝန်းပေ(၂၀x၆၀)ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ပါမစ်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အုန်းစိန် ၁၂/သဃက(နိုင်)၀၉၇၃၅၃ ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်ခိုင် ၁၂/ဒဂမ(နိုင်)၀၀၅၁၇၃ထံမှ ဆက်လက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းမော် ၁၀/ပမန(နိုင်)၁၈၇၃၅၃ က အပြီးအပိုင် လက်ရောက်ဝယ်ယူရန်စရန်ငွေ (တန်ဖိုး၏တစ်စိတ်တစ်ဒေသငွေ) ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင် ခိုင်လုံသော (စာရွက်စာတမ်းမူရင်းများ) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုနေ့ရက် ကျော်လွန်သည့်တိုင် လာရောက် ကန့်ကွက်မှုများမရှိပါက ဤမြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းမော်၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဦးအာကာလင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၃၄/၂၀၂၁)
အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်
ဖုန်း-၀၉-၂၆၄၁၉၉၂၈၈၊ ၀၉-၂၆၀၃၉၉၀၃၅

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ လက်ပံကုန်းကျေးရွာ၊ ကွင်းအမှတ် (၁၇၇-ခ)၊ ကွင်းအမည် လက်ပံကုန်းကွင်း၊ ဦးပိုင်အမှတ် (CN/၅၃)၊ အကျယ်အဝန်း ၀ ဒသမ ၀၅ ဧက၊ (၃၆x၈၀)ပေ အကျယ်ရှိ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကျောက်ယိဖေ (ခ) ရီရီဝင်း ၁၃/လရန(နိုင်)၁၈၈၃၅၀မှ ဝယ်ယူပြီးစီးကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခိုင်စိုး
(အထက်တန်းရှေ့ နေ) (စဉ်-၅၄၄၇၅)
ဖုန်း-၀၉-၄၄၅၁၀၅၃၈၈

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၁၅)ရပ်ကွက်၊ (၈)လမ်းနေ ဦးမျိုးဆွေ၏သား ကျွန်တော် မောင်တေဇာမျိုးဆွေ ၈/ပခက(နိုင်)၂၂၀၁၀၇ ၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ။

ဖုန်း-၀၉-၇၉၄၂၄၄၁၆၅

## တစ်ဦးတည်းဖြစ်ပါကြောင်း

လပွတ္တာမြို့နယ်နေ ဦးလျှန်ခန့်မန်း နှင့် လျှန်ခမ်းမန်း ၁၄/လပတ(နိုင်) ၁၇၂၆၈၀ ၎င်း၏မိခင် ဒေါ်လေဒီယာ နှင့် ဒေါ်ရူကီယာဘီ(ခ)လေဒီယာထျုန်နွမ်တို့သည် အမည်(၂)မျိုး ကွဲလွဲနေကြသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2L/2216 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 70W/54536 New Zhineng-110 ယာဉ်လက်ဝယ်ရှိသူ Orchid Queen Co;ltd က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန် ။

ကညန၊ ခရိုင်ရုံး(မင်းဘူး)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 42W/82123 (DY)Bo Bo II-125 ယာဉ်လက်ဝယ်ရှိသူ Hla Taw Thar Co.,ltd က (ကမ-၃) ပျောက် မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန် ။

ကညန၊ ခရိုင်ရုံး(မင်းဘူး)

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာ(၆)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၈)၊ မြေကွက်အမှတ်(၆၂-ခ)၊ မြေဧရိယာ ၀ ဒသမ ၀၉၉ဧကရှိ မြေအား ဒေါ်သဥ္ဇာဝင်းမှ ခွဲစိတ်အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ခွဲစိတ် အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပဲခူးမြို့

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၅)၊ မြေကွက်အမှတ်(၂၀၁)၊ မြေအမျိုးအစား-ပါမစ်မြေ၊ မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေအကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ပါမစ်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကြူကြူဝင်း ၁၂/တမန(နိုင်) ၀၁၂၀၇၁ ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမင်းကိုဇော် ၁၂/ဒဂတ(နိုင်)၁၁၄၃၀၀ ထံမှ ဆက်လက်၍ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဇော်မင်းလှိုင် ၇/သဝတ(နိုင်)၁၁၀၈၉၄နှင့် ဒေါ်မြသန္တာ ၁၂/ဥကတ(နိုင်)၁၇၆၄၉၃တို့က အပြီးအပိုင်လက်ရောက်ဝယ်ယူရန် စရန်ငွေ(တန်ဖိုး၏တစ်စိတ်တစ်ဒေသငွေ) ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင် ခိုင်လုံသော (စာရွက်စာတမ်းမူရင်းများ) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤမြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ -
ဦးအာကာလင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၃၄/၂၀၂၁)
အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်
ဖုန်း-၀၉-၂၆၄၁၉၉၂၈၈၊ ၀၉-၂၆၀၃၉၉၀၃၅

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ရွှေဇလုပ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၆၅၆/လေ့ကူးဇလုပ်)၊ ဦးပိုင်အမှတ်/ မြေကွက်အမှတ် (၂၀/၂-ခ)၊ ဧရိယာ ၀ ဒသမ ၆၄ ဧကရှိမြေသည် မြို့မြေအမှုတွဲအမှတ် ၂၁၆ V RP ၂၀၁၉-၂၀၂၀ အရ ဦးမြင့်ဆွေ အမည်ဖြင့် ၈-၁၀-၂၀၂၀ မှ ၇-၁၀-၂၀၅၀ အထိ နှစ်(၃၀) မြေငှားစာချုပ်ရရှိထားသော မြေကွက်အား ဦးဝေဖြိုးမှ မြေငှားစာချုပ်စက်မှုစီးပွား (အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် စက်မှုစီးပွား (အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
မုံရွာခရိုင်အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန

## တစ်ဦးတည်းဖြစ်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ဖြိုးအိဇာ ၁၀/မလမ(နိုင်) ၂၉၄၆၁၁ ၏ဖခင် ဦးထွန်းအေးနှင့် ဦးဆိုင်ရာမွတ် (ခ) ထွန်းအေးသည် အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ နတ်ကုန်းကျေးရွာအုပ်စု၊ ကိုရံ (တ) ကျေးရွာနေ (ဘ) ဦးသောင်းဟန်၏သား ကျွန်တော် ဦးငွေမောင် ၈/မသန(နိုင်)၀၇၁၀၁၇ ၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ် (MA-156655) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ။

ဖုန်း-၀၉-၄၂၆၄၄၄၇၂၆

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြမေ(ခ)ဒေါ်နီနီ
### အသက်(၉၉)နှစ်

မန္တလေးမြို့နေ (ဦးစိန်ထွန်း - ဒေါ်စောရှင်) တို့၏သမီး၊ (ဦးညွန့်မောင်) ၏ဇနီး၊ ဦးကျော်မြင့်-ဒေါ်ဝင်းဝင်းညွန့်၊ ဦးသော်တာ-ဒေါ်လှကေသီ၊ ဦးဘိုအေး-ဒေါ်စုစုညွန့်၊ ဦးမြတ်ဟိန်း-ဒေါ်ထွေးထွေးညွန့်၊ ဦးနုလှိုင်-ဒေါ်မြင့်မြင့်သန်း၊ ဦးဌေးလှိုင်၊ ဦးပီတာညွန့်မောင်-ဒေါ်ခင်မာဝေ၊ ဒေါ်မီးမီးညွန့်၊ ဒေါ်နိုင်နိုင်ညွန့်၊ ဒေါ်စံပယ် တို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး၊ မြေး (၁၈)ယောက်၊ မြစ် (၁၄)ယောက် တို့၏ ချစ်လှစွာသောဘွားဘွားသည် ၂၄-၇-၂၀၂၅ရက်တွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၂၅ရက် မွန်းလွဲ ၁:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း၊ အမှတ်(၁၂) နေအိမ်မှ ကားများ နံနက် (၁၁)နာရီတွင် ထွက်ပါမည်။

**ကျန်ရစ်သူမိသားစု**

## ဦးတင်စိန်
### အသက် (၇၇)နှစ်

မန္တလေးမြို့၊ ပေါက်ပေါက်တန်းရပ်နေ (ဦးညွန့်-ဒေါ်ထွန်း) တို့၏သား၊ မန္တလေးမြို့ လက်ရွေးကြီးရပ်နေ (ဦးဘမော်-ဒေါ်ကျင်ငွေ)တို့၏သားသမက်၊ မန္တလေးမြို့ အမှတ် G-2 နဝရတ်ရိပ်သာ ၃၅လမ်း (၆၈x၆၉) လမ်းကြားနေ ဒေါ်ခင်မမ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးလင်းလင်းထွန်း-ဒေါ်မေမြတ်ခိုင်၊ ဦးသီဟထွန်း၊ ဦးဝဏ္ဏထွန်း-ဒေါက်တာ နီလာထွန်း၊ ဦးသန့်စင်ကျော်-ဒေါ်ဒါလီခင်တို့၏ ဖခင်၊ မြေး ၃ ယောက်တို့၏အဘိုး ဦးတင်စိန် (၇၇)နှစ်သည် ၂၃-၇-၂၀၂၅ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၅၀ နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၂၅ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**


## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
### ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ၃၇၃ )
### သန်လျင်ခရိုင်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၁၅

ကွယ်လွန်သူ ဦးဇော်လင်း ကျန်ရစ်သောပစ္စည်းအကြောင်း။

ဦးကျော်မင်းဦး လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ထန်းပင်ဆိပ်အမှတ်(၈)နယ်မြေနေ ဦးကျော်မင်းဦးက ကွယ်လွန်သူ ဦးဇော်လင်း၏သားဖြစ်သည်ဟူ၍ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ထန်းပင်ဆိပ်အမှတ်(၈) နယ်မြေနေ ကွယ်လွန်သူ ဦးဇော်လင်း၏ ကျန်ရစ်သော ပစ္စည်းများထဲမှရရန်၊ ပေးရန်ရှိသော ကြွေးမြီများကို ကောက်ခံ၊ ပေးဆပ်ရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးဇော်လင်း ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်၊ ပေးရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၅ခုနှစ်၊ သြဂုတ်လ ၇ ရက် ( ၁၃၈၇ခုနှစ် ၊ ဝါခေါင်လဆန်း ၁၄ ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးကျော်မင်းဦး၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၂၂)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စောမြတ်နွယ်)
တွဲဖက်ခရိုင်တရားသူကြီး(၂)
သန်လျင်ခရိုင်တရားရုံး

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်(၂၈/၂၉)နေ ဒေါ်ပြည့်ပြည့်ဖြိုး (၉/အမဇ(နိုင်)၀၆၂၇၀၂)၏ မိခင်အမည်မှာ ဒေါ်မိုးအေးနှင့် ဒေါ်သောင်းသောင်းဟူ၍ အမည်(၂) မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်မှာ တစ်ဦးတစ်ယောက်တည်းသာ ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ပြည့်ပြည့်ဖြိုး**
**၉/အမဇ(နိုင်)၀၆၂၇၀၂**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်ရပ်ကွက်ကြီး(၆)၊ မြေတိုင်းအမှတ်(၁၆ )၊ မြေကွက်အမှတ်(၃၄၇ဃ)၊ မြေရီယာ (၀ဒသမ၀၂၉)ဧကရှိ မြေအား ဦးဝင်းထွန်းမှ ခွဲစိတ်အမည်ပြောင်းမြေငှားဂရန်လျှောက်ထားလာ မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤ ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဦးဝင်းထွန်း ခွဲစိတ်အမည်ပြောင်းမြေငှားဂရန်လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**


## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ရေကန် ဒါယိကာမကြီး
## ဒေါ်ခင်မမ(ပတ္တမြားပန့် စက်မှုလက်မှုလုပ်ငန်း)
### အသက်(၈၀)နှစ်

ရန်ကုန်မြို့နေ(ဦးစိန်မောင်-ဒေါ်တင်မေ)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးတောင်ရပ်ကွက်၊ ကံ့ကော်လမ်း၊ ကံ့ကော်ကွန်ဒို၊ အမှတ် (၁၃)5(A)နေ (ဦးမြင့်ကြည်)(ပတ္တမြားပန့်စက်မှုလက်မှု)၏ဇနီး၊ ဦးအေးကျော်-ဒေါ်မီမီစိုး၊ (ဦးအေးဇော်)-ဒေါ်ထက်ထက်ခိုင်၊ ဦးဝင်းကျော်-ဒေါ်ခိုင်ခိုင်ရွှေ၊ ဦးဇော်မိုး-ဒေါ်ဥမ္မာမြင့်၊ ဦးပွင့်ဦး-ဒေါ်ခင်ခင်ထွေး၊ ဦးကောင်းဇံ-ဒေါ်သွဲ့သွဲ့မင်းတို့၏ မွေးသမိခင်၊ မြေး (၁၂)ယောက်၊ မြစ် (၃)ယောက်တို့၏အဘွား ဒေါ်ခင်မမသည် ၂၃-၇-၂၀၂၅ရက် ညနေ ၄:၄၀ နာရီတွင် ၉၆ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၂၅ရက် ညနေ ၃:၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၂၅ရက်(အင်္ဂါနေ့)နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးတင်ထွေး(ခ)ဦးငယ်
### တရားလွှတ်တော်ရှေ့နေ
### အသက် (၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးတင်စော-ဒေါ်ညွန့်တင်) တို့၏သားထွေး၊ (ဒေါ်ဝင်းဝင်းမော်)၏ ခင်ပွန်း၊ ဦးရွှေလန်း-ဒေါ်နေခြည်နွေးနွေး၊ ဒေါ်ခင်ငြိမ်းချမ်း U.S.A)၊ ဒေါ်နန္ဒာဝင်း-Thomas Kerr (U.S.A)၊ ဒေါ်မြတ်သင်းခိုင်တို့၏ဖခင်၊ မမြဖူးရွှေခြည်၊ မအမရာခင်တို့၏အဘိုးသည် ၂၃-၇-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၂၅ ရက်(ကြာသပတေး)နေ့တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၂၅ရက် (အင်္ဂါနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ကြောင်း ညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**


## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အထက(၄) Grade-12 မှ မချယ်ရီစိုး၏ ဖခင်အမည်မှန်မှာ ဦးသန်းမင်း ၉/မနမ(နိုင်)၀၀၂၆၂၆ ဖြစ်ပါကြောင်း။ **ဦးသန်းမင်း**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ဖြူးမြို့နယ်၊ အထက(၂) G-12မှ မခိုင်ရွှေစင်၊G-8မှ မောင်လင်းသီ ဟ၊ G-6မှမောင်ဖြိုးသီဟတို့၏ဖခင်အမည်မှန်မှာ ဦးဂျီသင်ဒါရ် ၇/ဖမန(နိုင်) ၂၄၉ ၅၁၉ဖြစ်ပြီး G-12 မှ မခိုင်ရွှေစင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၆-၂၀၀၈ ဖြစ်ပါကြောင်း။ **ဦးဂျီသင်ဒါရ်**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၅၅ သမိုင်း၊ မြေကွက်အမှတ်- ၃၁/က-၁ ၊ ဧရိယာ- ၀. ၀၉၄ ဧက ရှိ B မြေပိုင်မြေ၊ လ/န- ၃၉ (အိမ်ယာမြေသတ်မှတ်) မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ ဒေါ်ဝင်းမာ (J/RGN- ၀၅၂၃၁၃၊ ၁၂/ ဒဂန (နိုင်) ၀၂၀၉၀၂) ၏အမည်ပေါက်သောမြေကွက်ဖြစ်ပြီး၊ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇) ရပ်ကွက်၊ ဦးလွန်းမောင်လမ်းသွယ်၊ အမှတ်- ၃၄ ဟုခေါ်တွင်သည့် (၂) ထပ်နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်သူထံမှ အိမ်နှင့်မြေအပြီးအပိုင်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်အမှတ်- ၃၆၉၉/ ၂၀၂၅ (၂၈-၅-၂၀၂၅) ဖြင့် အပြီးအပိုင်ဝယ်ယူထား၍ တစ်ဦးတည်းတရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးငြိမ်းချမ်း (၉/တသန (နိုင်) ၁၂၉၃၆၂) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ ညွှန်ကြားချက်အရ
**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဓိလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၃၁၃၅။


## ဦးမြတ်ကျော်ဝင်း
### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်(၉၄) နေ (ဦးကျော်ဝင်း-ဒေါ်တင်တင်မူ)တို့၏သားကြီး၊ ဦးသူရကျော်-ဒေါ်ယဉ်မျိုးကျော်၊ Dr.Hanspeter Egger - ဒေါ်နီလာကျော်ဝင်း၊ ဦးစိုင်းထွန်းထွန်းသန့်-ဒေါ်မီမီကျော်ဝင်း၊ ဦးနိုင်ဝင်းအောင်-ဒေါ်ခိုင်စန္ဒာကျော်ဝင်း၊ ဦးမြတ်သူ-ဒေါ်နန္ဒာကျော်ဝင်းတို့၏ ချစ်လှစွာသောအစ်ကို၊ မောင်သိဏ်းထက်အောင်၏ မွေးဖခင်၊ မမြတ်ဖုန်းမိုကျော်၊ မလမင်းဖြူ၊ မောင်စိုင်းအောင်ဘုန်းသန့်၊ မကြည်ကြည်ခန့်၊ မလင်းလက်နန္ဒာသူတို့၏ ချစ်လှစွာသော ဘကြီးသည် ၂၃-၇-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့) ည ၇နာရီတွင် ၉၆ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၅-၇-၂၀၂၅ရက်(သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**


## ဦးကံစိန်(CHK-131728)နှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်စိုးဝင်း ၉/ညဥန(နိုင်) ၁၄၅၆၄၃ က မြေငှားဂရန် စာချုပ်အမည်ပေါက် ဦးကံစိန်(CHK-131728)ပိုင်ဆိုင်သော ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သစ်ဆိပ်ကုန်း၊ သဃ်န်းကျွန်းကြီး ကျေးရွာအုပ်စု၊ မြရတနာရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၁၃၀၉)ဟု ခေါ်တွင်သော အကျယ်အဝန်း (၃၀ပေ x ၅၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကို အရပ်ကတိစာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူ၍ လက်ရောက်ရရှိထားပါသည်။

သို့အတွက် အဆိုပါ နှစ်(၆၀)ဂရန်မြေကို ဦးအောင်စိုးဝင်းမှ ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်အမည်ပေါက် ပြောင်းလဲရေးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ဦးကံစိန် အနေဖြင့် အရောင်းအဝယ် စာချုပ်ပြီးမြောက်အောင်မြင်စေရေးအတွက် ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကျွန်ုပ်မိတ်ဆွေနှင့်အမြန်လာရောက်ဆက်သွယ်ပေးပါရန်နှင့် အကယ်၍ သတ်မှတ်ရက်အတွင်း မလာရောက်ပျက်ကွက်ပါက ကျွန်ုပ်မိတ်ဆွေသည် တည်ဆဲဥပဒေနှင့်အညီ စာချုပ်ကြီးပြီးမြောက်အောင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဦးကံစိန်နှင့်အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးအောင်စိုးဝင်း** | **ဦးလှဝင်း(ဥပဒေဘွဲ့)** |
| ၉/ညဥန(နိုင်) ၁၄၅၆၄၃ | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၈၄/၂၀၀၂) |
| | ဖုန်း-၀၉-၅၁၁၉၉၆၁၊ ၀၉-၄၄၃၀၁၃၀၀၂ |

## တစ်ဦးတည်းဖြစ်ကြောင်းနှင့် နိုင်ငံသားကတ်အမှန်

မောင်သိန်းထိုက်(ခ)မောင်ထိုက်သည် တစ်ဦးတည်းဖြစ်ကြောင်းနှင့် နိုင်ငံသားကတ်အမှတ်မှာ ၁၂/ကတန(နိုင်)၀၉၁၅၄၈ ဖြစ်ပြီးအမည်ရင်းမှာ မောင်ထိုက်ဖြစ်ပါသည်။

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ အနော်ရထာရပ်ကွက်၊ လမ်းမတော်လမ်းနေ ဦးဇင်အောင်မင်းမင်းထွန်းအား ဦးအောင်မင်းမင်းထွန်းဟု ပြောင်းလဲခေါ်ဆိုရန်။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာကျေးရွာအတွင်းရှိ ဧရိယာ(၆၃x၄၀)ပေ ကျယ်ဝန်းသော ရွာမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူဒေါ်ငြိမ်းချမ်းသူ ၁၃/မဆန(နိုင်)၀၂၆၁၃၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်တာရာမြင့် ၅/မမတ(နိုင်) ၀၄၄၈၁၇က အဆုံးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှယမင်းအောင်(LL.B,DBL,DIL) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၀၃၇)**
**၈၉လမ်း၊ ၂၄x၂၅လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၇၉၇၂၄၇၃၇၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 40W/82408, Honda Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်စွာ ၁၄/မမန(နိုင်)၁၈၆၉၂၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/51575, Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်လင်း ၁၄/ပသန(နိုင်) ၀၀၁၅၀၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 77W/16556, Zhineng 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သက်အောင် ၁၄/သေခ(နိုင်)၀၁၁၄၆၇ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ မဟာဆွေ(၁)လမ်း၊ အမှတ်(၁၉)ဟု ခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်လျက်ရှိသည့် ၂ခန်းတွဲ (၅)ထပ်တိုက်၊ မြေညီ (A) အခန်းကို (၃-၁၂-၂၀၂၃)ရက်စွဲပါ ကန်ထရိုက်တာနှင့် မြေရှင်တို့၏ အခန်းပေးအခန်းယူ ကတိစာချုပ်အရ ကန်ထရိုက်တာ ဦးဇင်လင်းထက် (၁၂/ကမန(နိုင်)၁၁၈၈၁၉) (Royal Aung Myin, Thu Group Construction Co,Ltd) က အရစ်ကျရောင်းချလိုကြောင်း ပြောဆိုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးမင်းထွန်း (၁၂/သဃက(နိုင်)၁၇၁၁၁၄)က (၁-၁- ၂၀၂၄) နေ့စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်း အရစ်ကျအရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ အရစ်ကျငွေများယနေ့တိုင်ပေးသွင်းလာကြောင်း စာရွက်စာတမ်းအထောက် အထားများအရ သိရှိရပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ၏အထက်ပါ တိုက်ခန်းပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ထိပါးနှောင့်ယှက်လာပါက ပြုလုပ်သူတို့၏ တာဝန်သာဖြစ်ပြီး ယနေ့အချိန်ထိ ကျွန်ုပ်မိတ်ဆွေက အဆိုပါတိုက်ခန်းအား လွှဲပြောင်း၊ ရောင်းချ၊ ပေးကမ်း၊ စွန့်လွှတ်ထားခြင်းများမရှိပါကြောင်းနှင့် ရောင်းမှားဝယ်မှားမဖြစ်စေရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ဇေယျမိုး (LL.B)၊**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၈၇)**
**အမှတ်(၈၃)၊ အခန်း(၁၄)A၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ဖုန်း- ၀၉-၄၂၀၁၂၃၆၇၄**

## အများသိစေရန် ကြေညာခြင်း

မကွေးမြို့၊ ရွှေညောင်(၂)ရပ်ကွက်နေ ဒေါ်ဝင်းဝင်းမာ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းဝင်းမာမှ မောင်အောင်ကျော်မင်းခန့် ၁၂/ကမတ (နိုင်)၀၈၆၆၇၂အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း (၂၀-၇-၂၀၂၅) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာမှ ကြေညာခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ ကျွန်ုပ်မိတ်ဆွေ အပါအဝင် ၎င်း၏မိသားစုအသိုင်းအဝိုင်းနှင့်ပတ်သက်၍ လူမှုပတ်ဝန်းကျင်နှင့်တကွ Internet, Facebook, Telegram, Instagram, Viber Group Chat, Tik Tok အစရှိသည့် လူမှုကွန်ရက် စာမျက်နှာများတွင် ဂုဏ်သိက္ခာကျဆင်းအောင် မမှန်မကန်ပြောဆိုခြင်း၊ ရေးသား Post တင်ခြင်းများ(လုံးဝ) မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှယမင်းအောင်(LL.B,DBL,DIL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၀၃၇)**
**၈၉လမ်း၊ ၂၄x၂၅လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၇၉၇၂၄၇၃၇၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/72531, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ခိုင်ဦး ၉/ညဥ_န(နိုင်) ၀၀၁၂၆၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/2794, Lifan 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဝေ ၁၄/သပန(နိုင်) ၀၆၈၄၃၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 74W/29178 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိမွန်စိုး ၉/ကဆန(နိုင်)၁၄၆၂၇၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (ကျောက်ဆည်)သို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ကျောက်ဆည်)**

❖ ဒေသအလိုက် ထူးခြားသည့် စိုက်ပျိုးရေး ထွက်ကုန်များ ပိုမိုတိုးတက် ထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်ရန်လို ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မိုင်းဆတ်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သန်းဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၄**

မိုင်းဆတ်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သန်း(ကာလတန်ဖိုး ငွေကျပ်သိန်း ၈၀၀၀) ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီခွဲတွင် သတင်းအရ မိုင်းဆတ်မြို့နယ် မယ်ပုလုံကျေးရွာအုပ်စု ဂျူးလုကျေးရွာအနီးတွင် မိုင်းတွမ်းကျေးရွာဘက်မှ မိုင်းဆတ်မြို့ဘက်သို့ ဆိုင်လူး မောင်းနှင်ပြီး ကျဝေ လိုက်ပါလာသည့် ISUZU အမျိုးအစား မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သန်း (၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၈၀၀၀)

*စာမျက်နှာ ၁၃ ကော်လံ ၅* ❑



တရားခံ ဆိုင်လူးနှင့် ကျဝေတို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# စပိန်က ဘွန်မာတီ၏ သွင်းဂိုးဖြင့် ဂျာမနီကို အနိုင်ရပြီး အမျိုးသမီးယူရိုဗိုလ်လုပွဲ တက်လှမ်း



စပိန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ကွင်းလယ်တိုက်စစ်ကစားသမား ဘွန်မာတီ သွင်းယူစဉ်။

ယူအီးအက်ဖ်အေ အမျိုးသမီးယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်မှ ဇူလိုင် ၂၄ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ဂျာမနီအမျိုးသမီးအသင်းနှင့် စပိန်အမျိုးသမီးအသင်းပွဲစဉ်တွင် စပိန်အမျိုးသမီးအသင်းက အကြိတ်အနယ်ကစားကာ ဘွန်မာတီ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် နိုင်ပွဲရရှိပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။

အဆိုပါ ပွဲစဉ်မှာ စပိန်အသင်းက ဂျာမနီအသင်းကို ပထမဆုံးအကြိမ် အနိုင်ရရှိသည့် သမိုင်းဝင်ပွဲစဉ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ စပိန်အသင်းသည် ဂျာမနီအသင်းနှင့် ယခင်တွေ့ဆုံခဲ့သည့် ကိုးကြိမ်တွင် သုံးကြိမ် သရေကျထားပြီး ငါးကြိမ်အထိ ရှုံးနိမ့်ထားသည်။

ဂျာမနီအသင်းသည် အမျိုးသမီးယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ၁၉၉၃ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်

*စာမျက်နှာ ၁၃ ကော်လံ ၁* ❋

**ယနေ့ ဖတ် စ ရာ**

### (၃၃)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲအတွက် လက်ရွေးစင်အလေးမ အားကစားသမားများ ရွေးချယ်ရေးပြိုင်ပွဲ ကျင်းပ

ပြည်တွင်းသတင်း | စာ ၅



### ပါကစ္စတန်၌ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ၂၅၆ ဦး သေဆုံးပြီး ၆၁၆ ဦး ဒဏ်ရာရ

နိုင်ငံတကာသတင်း | စာ ၁၄

### သံလွင်မြစ်ရေ ဘားအံမြို့တွင် စိုးရိမ်ရေမှတ်ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၂၄**

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်ပေ ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**